


# သတိပဋ္ဌာန်တစ်ပါးပါး

# ကြိုးစားရစ်ကြ

(၂၅၉)

ဟောကြားသည့်နေ့

၈ - ၇ - ၅၈

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၃၇) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0325

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# သတိပဋ္ဌာန်တစ်ပါးပါး

# ကြိုးစားရစ်ကြ

THIRPARAMI LIBRARY
Date ........................

ဟောကြားသည့်နေ့

( ၈-၇-၁၉၅၈ )

စာမူခွင့်ပြုချက်အမှတ် - ၁၁/၉၈ (၅)
အဖုံးခွင့်ပြုချက်အမှတ် - ၂၃/၉၈ (၅)

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြဲ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြဲ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ်-၈၄/၈၆၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသော တရားတော်

## သတိပဋ္ဌာန်တစ်ပါးပါးကြိုးစားရစ်ကြ

ဟောကြားသည့်နေ့ ( ၈-၇-၁၉၅၈ )

ဒကာ-ဒကာမတို့ကို ဆရာသမားက နေ့တိုင်းလိုလိုပဲ ဉာဏ်တွေတိုးတက်ပြီး သကာလ သွားအောင်ပြောနေတယ်။ နေ့တိုင်းပဲ ဉာဏ်တက်အောင်ချည်းပြောနေတယ်ဆိုတဲ့ ဥစ္စာမင် ဉာဏ်နားကပ်အောင် ပြောနေတယ်. . . (မှန်ပါ)။

အဲဒီတော့ ဒကာ-ဒကာမတွေ သိစရာကလေး ဒီနေ့ပြော ချင်တာက၊ သာသနာပမှာ ပုထုဇဉ်ဖြစ်ရတယ်၊ သာသနာတွင်းမှာ

ပုထုဇဉ်ဖြစ်ရတယ်။ ပုထုဇဉ်တွေဖြစ်ခဲ့ကြတယ်ဆိုတာတော့ဖြင့် ဘဝကွာနေကြပြီ. . . (မှန်ပါ)။

## ချိန်ခွင်တစ်ခုပေးလိုက်မယ်

အဲဒီတော့ မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ်မှာ သာသနာတွင်းကိုယ်တိုင်ဖြစ်၊ မဖြစ်ကို ယနေ့ချိန်ကြည့်ဖို့ဘုန်းကြီး ကချိန်ခွင်ကလေးတစ်ခုပေးလိုက်ပါမယ်. . . (မှန်ပါ)။

အဲဒါတကယ်လို့ သာသနာတွင်း ပုထုဇဉ်မဖြစ်သေးလို့ ရှိရင် ဩော်. . . တို့သည်ကားလို့ဆိုရင် ဒိဋ္ဌိမပြုတ်သေးပါကလား လို့အောက်မေ့ရမယ်. . . (မှန်ပါ)။

အဲဒီတော့ သေသေချာချာ ဘုန်းကြီးတို့ ဒကာ-ဒကာမ တွေက မှတ်ပြီးတော့ ဩော်. . . သာသနာတွင်းဖြစ်အောင်တော့ တို့လုပ်မှပဲ. . .။ ဒါမှ မင်္ဂဉာဏ်ဖိုလ်ဉာဏ်ရတော့မှာပေါ့. . . (မှန်ပါ)၊ ဒီမျိုးစေ့တွေက ပေါက်ဖွားလာရင် ငရဲကောင်ကြီးတွေ ပေါက်ဖွားလာဦးမယ် ဆိုတာလည်း ဒကာ-ဒကာမတွေ မှတ်ထား ပါ. . . (မှန်ပါ)။

## ပုထုဇဉ်နှစ်မျိုး

အဲဒါကြောင့် ဒကာ-ဒကာမတို့ ပုထုဇဉ်နှစ်မျိုးကစပြီး ပြောပါ့မယ်။ သာသနာပ ပုထုဇဉ်တစ်မျိုး၊ သာသနာတွင်းပုထုဇဉ် တစ်မျိုး. . .(မှန်ပါ့)ပုထုဇဉ် ဘယ်နှမျိုးပါလိမ့်. . .(နှစ်မျိုးပါဘုရား)။

ဒီဘက်က ဘာပါလိမ့်. . . (သာသနာပ ပုထုဇဉ်ပါ)၊ ဒီဘက်က ဘာပါလိမ့်. . . (သာသနာတွင်းပုထုဇဉ်ပါ)။

ဒကာ-ဒကာမတွေ ဩော်. . . တို့ဆရာဘုန်းကြီးသည် တို့ကိုဖြင့် အရေးတကြီး ကယ်တင်နေတယ်ဆိုတာကိုလည်း စိတ်ထဲကထားပြီးသကာလ တရားနာပါ. . . (မှန်ပါ)။

## အရေးတကြီးကယ်တင်နေတယ်

တို့ကိုအရေးတကြီးကယ်တင်နေတယ်ဆိုတော့ဘယ့်နှယ်ကြောင့် ဘုန်းကြီးက ဒါလောက် အရေးကြီးရတာတုံး။ အို. . . မနေ့ ကပြောခဲ့ပြီ။ သေမှာက နေ့လားညလားမသိကြဘူး။ ဘယ်သူမှမသိကြဘူး. . . (မှန်ပါ)၊ အဲဒီတော့ အရေးတကြီး ကယ်တင်ရတယ်ဆိုတဲ့စကား သုံးထိုက်မသုံးထိုက်. . . (သုံးထိုက်ပါတယ်ဘုရား)။

အရေးတကြီး ကယ်တင်နေတော့ ဒကာ-ဒကာမတွေက ဩော်. . . တို့ကို ဘာဖြစ်စေချင်သတုံးဆိုတော့သာသနာတွင်း ပုထုဇဉ်ဖြစ်စေချင်တယ်ဆိုတာ မှတ်ထားရမယ်. . . (မှန်ပါ)။

ဒီဘက်က ဘာပါလိမ့်. . . (သာသနာပ ပုထုဇဉ်ပါ)၊ ဒီဘက်က. . . (သာသနာတွင်း ပုထုဇဉ်ပါ)။

## သာသနာပ ပုထုဇဉ်

ကောင်းပြီ ဒကာ-ဒကာမတွေ ဒီနှစ်မျိုးကိုမှတ်ထားတော့ သာသနာပပုထုဇဉ်က လှူမယ်တန်းမယ်၊ ပေးမယ်-ကမ်းမယ် ကောင်းတာလုပ် ကောင်းကျိုးပေးတာပဲ ငါလုပ်ငါရတာပဲ။ ငါ ကုသိုလ်လုပ်ရင် ငါရတာပဲ၊ ငါအကုသိုလ်လုပ်ရင် ငါခံရမှာပဲလို့ ဒါလောက်သာသိတဲ့ ပုထုဇဉ်ဟာ ဒကာ-ဒကာမတို့ သာသနာပ ပုထုဇဉ်. . . (မှန်ပါ့)၊ ကိုစောမောင် ရှင်းပလား. . . (ရှင်းပါပြီ)။

ကုသိုလ်လည်း ငါလုပ်ရင် ငါရတာပဲ၊ အကုသိုလ်လည်း ငါလုပ်လို့ရှိရင် ငါခံရမှာပဲ. . . ဤမျှလောက်သိတဲ့ ကမ္မဿကတ ဉာဏ်ကလေးမျှလောက်သိတဲ့ ပုထုဇဉ် ဘာခေါ်ကြမယ်. . . (သာသနာပပုထုဇဉ်ပါ)။

## ကံ၊ ကံ၏အကျိုးကိုယုံကြည်တယ်

သေသေချာချာ မှတ်ပါ ဒကာ-ဒကာမတို့ နော်. . . (မှန်ပါ့)၊ ဩော်. . . ကံ၊ ကံ၏အကျိုး ယုံကြည်ပြီးသကာလ လှူကြပေးကြ ကမ်းကြ၊ အပါယ်သွားကြောင်းဖြစ်တဲ့ တရားတွေကို မကောင်းတာလုပ် မကောင်းဘူးလား။ မကောင်းတာ လုပ်လို့ရှိရင် အပါယ်လေးပါးသွားရတတ်တယ်လို့ ဒီလောက် မျှသိနေတဲ့ ပုထုဇဉ်ဘယ်လိုခေါ်ကြပါ့မယ်. . . (သာသနာပ ပုထုဇဉ်ပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ-ဒကာမတွေ ခင်ဗျားတို့ကလည်း သာသနာတွင်း လူဖြစ်ပြီးသကာလ လာကြတော့ သာသနာတွင်း သားဖြစ်နေတယ်၊ သာသနာတွင်း ဉာဏ်ရပလားလို့ မေးခွန်း ထုတ်ပြန်တော့လည်း ဆရာကောင်းသမားကောင်းနဲ့ အမျိုးမျိုး အဖုံဖုံ တိုက်တွန်းနှိုးဆော်ပြီး ကိုယ့်ဟာကိုယ် ကိုယ့်ကျိုးကိုယ် သိပြီးသကာလ လုပ်မှသာလျှင်လည်း သာသနာတွင်း ပုထုဇဉ်က မောင်နိုင်တို့ ကိုစောမောင်တို့ ဖြစ်ကြရမှာကိုး. . . (မှန်ပါ)။

မွေးတာက အတူတူဖြစ်နေကြတယ်နော်. . . (မှန်ပါ့)၊ အမိဝမ်းခေါင်းထဲက မွေးကြတာက. . . (အတူတူပါပဲဘုရား)၊ ပုထုဇဉ်ချည်းမွေးလာကြတယ်။

## သာသနာတွင်းပုထုဇဉ်

ကဲ. . . ဒါဖြင့် သာသနာတွင်း ပုထုဇဉ်ကတော့ကောင်း တာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုး ပေးတယ်ဆိုတဲ့ ကမ္မဿကတဉာဏ်လည်း သူ့မှာရှိတယ်။ သစ္စာအနုလောမိက ဉာဏ်လည်းသူ့မှာရှိတယ်တဲ့။ သူက ဉာဏ် နှစ်မျိုးရှိ တယ်. . . (မှန်ပါ)။

သာသနာတွင်း ပုထုဇဉ်က ကမ္မဿကတဉာဏ်ရော၊ သစ္စာအနုလောမိက ဉာဏ်ရောသူ့မှာရှိတယ်။ သူက နှစ် ဉာဏ်ပေါ့ ဗျာ. . . (မှန်ပါ)။

သေသေချာချာမှတ်ကြပါ ဒကာ ဒကာမတို့၊ ချိန်ခွင်ပေး

တယ်နော်. . . (မှန်ပါ့)၊ ချိန်ခွင်ပေးပြီ။ ဪ. . . တို့သည် ဒီနှစ် စား ဘယ်အစားထဲကတုံးဆိုတာ ကိုယ့်ဟာကိုယ်ချိန်နိုင်အောင် လို့ ချိန်ခွင်ပေးနေပါတယ်လို့ မှတ်စမ်းပါ. . . (မှန်လှပါ)။

## ဖြစ်ပျက်ရှုတဲ့ဉာဏ်ရှိတယ်

သာသနာတွင်း ပုထုဇဉ်ကတော့ ဒကာ-ဒကာမတို့ ပေးလည်းပေး၊ကမ်းလည်းကမ်း၊ ကမ္မဿကတဉာဏ်လည်း ရှိတာပဲ. . . (မှန်ပါ့)၊ ခန္ဓာကိုယ်ကြီး၏ ဖြစ်ပျက်ရှုတဲ့ ဉာဏ် လည်းရှိတယ်၊ အဲဒါ သာသနာတွင်း ပုထုဇဉ်. . . (မှန်ပါ)။

သေသေချာချာမှတ်ပါ ဒကာ-ဒကာမတို့ သေသေချာချာ မှတ်ပါ။ ဒါဖြင့် လှူမှုတန်းမှု ပေးမှု-ကမ်းမှုလည်းရှိတယ်၊ ဝိပဿနာ အလုပ်လည်းလုပ်တယ်. . . (မှန်ပါ့)၊ အဲဒါဘာခေါ် ကြမယ်. . . (သာသနာတွင်း ပုထုဇဉ်ပါဘုရား)၊ သာသနာတွင်း ပုထုဇဉ်က နှစ်ဉာဏ်ပါတယ်နော်. . . (မှန်ပါ)။

ဒီကတော့ တစ်ဉာဏ်တည်းပါတယ်၊ ကမ္မဿကတဉာဏ် ကံကံ၏ အကျိုးကို ယုံကြည်တဲ့ ဉာဏ်တစ်လုံးပဲပါတယ်၊ သာသနာပပုထုဇဉ်က. . . (မှန်ပါ)။

## နှစ်ဉာဏ်ရှိမှသာသနာတွင်းပုထုဇဉ်

သာသနာတွင်း ပုထုဇဉ်ကတော့ ကံကံ၏အကျိုးယုံကြည်တဲ့ ဉာဏ်လည်းသူ့မှာရှိတယ်. . . (မှန်ပါ့)၊သစ္စာနဲ့ လျော်အောင်ဖြစ်ပျက်မြင်တဲ့ ဉာဏ်လည်းရှိတယ်၊ဤဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှ သာသနာတွင်းလို့ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)၊ ရှင်းပြီလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ-ဒကာမတို့ တစ်ဉာဏ်ရှိတာနဲ့ နှစ်ဉာဏ်ရှိတာ ကွာသည်. . . (မှန်ပါ)။

အဲဒီတော့ ဘုန်းကြီးက မူလပဏ္ဏာသပါဠိတော် သမ္မာဒိဋ္ဌိသုတ်မှာ ဟောချက်အတိုင်း အဋ္ဌကထာကလည်း ဒီအတိုင်းဖွင့်လို့ ရှင်းလင်းနေအောင်ပြောတော့၊ ဩော်. . . တို့သည်ကား အလုပ်မလုပ်ရသေးလို့ရှိရင်ဖြစ်ပျက် အနိစ္စအလုပ်ကို မလုပ်ရသေး၊ ဒုက္ခအလုပ်ကိုမလုပ်ရသေး၊ အနတ္တအလုပ်ကိုမလုပ်ရသေးလို့ရှိရင် သာသနာနှစ်ထောင့်ငါးရာလျော့လျော့ကျန်ပြီး နေငြားသော်လည်း သာသနာပပုထုဇဉ်ဖြစ်နေပါလားလို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## ကိုယ့်အကြောင်းကိုယ်သိကြပါ

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (သာသနာပပုထုဇဉ်လို့ဆုံးဖြတ်ချက်ချရပါမယ်)၊ သာသနာပပုထုဇဉ်ဖြစ်နေတယ်လို့

ဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ)။

ကိုင်း. . . သာသနာကိုယ့်သန္တာန်မှာရှိမရှိကို ကိုယ့်အကြောင်းကိုယ်သိကြရောပေါ့. . . (မှန်ပါ့)၊ မသိကြသေးဘူးလား. . . (သိပါပြီ)။

သာသနာပပုထုဇဉ်ကတော့ ဘယ်နှဉာဏ်တဲ့. . . (တစ်ဉာဏ်ပါဘုရား)၊ ဘာဉာဏ်ပါလိမ့်. . . (ကမ္မဿကတဉာဏ်ပါဘုရား)၊ ကောင်းတာလုပ်ကောင်းကျိုးပေးတယ်ကွ၊ ငါမကောင်းတာ လုပ်တာမရှိဘူးကွ၊ ငါ့မှာမကောင်းကျိုးပေးစရာမရှိဘူး. . . ငါ့မှာ ဘာလုပ်စရာမှမလိုဘူးဆိုတာဒါဘာခေါ်ကြမယ်. . . (သာသနာပ. . . ပုထုဇဉ်ပါဘုရား)၊ သူ့မှာ လုပ်စရာရှိနေတာသူမသိဘူး . . . (မှန်ပါ)။

## ကိုယ့်ဟာကိုယ်ဝေဖန်ပါ

သာသနာတွင်းပုထုဇဉ်ကတော့ ဒကာ-ဒကာမတို့ အခုအထဲမှာပဲ ကိုယ့်ဟာကိုယ် ဝေဖန်နော်. . . (မှန်ပါ)၊ လှူမှုတန်းမှုပေးမှုကမ်းမှုဆိုတဲ့ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတဲ့ ဉာဏ်လည်းသူ့မှာရှိတယ်. . . (မှန်ပါ့)၊ ဖြစ်ပျက်ကိုရှုတဲ့ ဒုက္ခသစ္စာကိုလျော်အောင်မြင်နိုင်တဲ့ ဖြစ်ပျက်မြင်တဲ့ ဉာဏ်လည်းရှိတယ်. . . (မှန်ပါ့)၊ သစ္စာအနုလောမိကဉာဏ်လည်းရှိတယ်. . . (မှန်ပါ့)၊

ဒါက ဘာပါလိမ့်. . . (သာသနာတွင်းပုထုဇဉ်ပါဘုရား)။

နို့ ဘာထူးသတုံး ဘုရားဆိုတော့ တစ်ဉာဏ်ရှိတာနဲ့ နှစ်ဉာဏ်ရှိတာထူးတယ်လို့မှတ်လိုက်. . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်. . . (တစ်ဉာဏ်ရှိတာနဲ့ နှစ်ဉာဏ်ရှိတာထူးပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့် အလုပ်မလုပ်သေးလို့(ဝါ)ဖြည်းဖြည်းမှပဲဆိုပြီးသကာလနေတဲ့ ပုဂ္ဂိုလ်ကို ဘယ်ထဲသွင်းကြသလဲ. . . (သာသနာပပုထုဇဉ်ပါ)၊ သာသနာပပုထုဇဉ်ထဲ သွင်းလိုက်. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ဉာဏ်တက်စေချင်လို့

ဒါဖြင့် သာသနာပပုထုဇဉ်ဆိုလို့ရှိရင်ဖြင့် ဘယ်လိုဆုံးဖြတ်ချက်ချပေးရမလဲလို့ မေးဖို့လိုတယ်. . . (မှန်ပါ့)၊ လိုလာတော့ နားကြီးကြီးနဲ့ ထောင်လိုက်ပါ၊ သတိပေးလိုက်တယ်နော် . . . (မှန်ပါ့)၊ ဒီစကားမသေးဘူးနော်. . . (မှန်ပါ့)၊ ဦးဘကလေး ဒီစကားအင်မတန်ကြီးတဲ့ စကားတွေလို့မှတ်ပါ. . . (မှန်ပါ့)၊ ဉာဏ်တက်စေချင်လို့ ကယ်တင်ပါတယ်လို့ ဆိုတာကိုလည်း မူလက ပြောခဲ့ပါပြီ. . . (မှန်ပါ့)၊ မပြောခဲ့ဘူးလား. . . (ပြောခဲ့ပါတယ်)။

ကိုင်း. . . ဒါဖြင့် သာသနာပပုထုဇဉ်မှာတဲ့ ငါလုပ်ရင်

ငါရတာပဲ။ ငါမလုပ်လို့ရှိရင် ငါမရတာဘဲ ဆိုတာက သူ့မှာ ကမ္မဿကတဉာဏ်ရှိမနေဘူးလား. . . (ရှိပါတယ်)၊ဒိဋ္ဌိပူးနေတယ်. . . (မှန်ပါ့)၊ ဒိဋ္ဌိကပ်မနေဘူးလား. . . (ကပ်နေပါတယ်ဘုရား)။

## ငရဲမျိုးစေ့ သူ့ဝမ်းထဲမှာရှိတယ်

ငါစေတနာကောင်းရင် ငါရတာပဲကွ၊ ငါစေတနာမကောင်းရင် ငါမရတာပဲကွဆိုတဲ့ ဒီငါက ပြုတ်ပါသေးရဲ့လား. . . (မပြုတ်ပါဘူး)၊ မပြုတ်တော့ သူလှူဒါန်းပေးကမ်း သူလုပ်နေတဲ့ အလုပ်တွေ ဟူသရွေ့မှာ ဒိဋ္ဌိမပြုတ်ဘူး. . . (မှန်ပါ့)၊ ဒိဋ္ဌိမပြုတ်တဲ့အတွက် သူ့မှာ အပါယ်လေးပါး ငရဲမျိုးစေ့ သူ့ဝမ်းထဲမှာရှိတယ်. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ကိုင်း ဒကာ-ဒကာမတို့ ဒါလောက်ဆိုရင်ပဲ ဆရာဘုန်းကြီးရှင်းပေးတာနဲ့တော့ ဩော်. . . တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် တို့နဂိုကစိတ်ထားမွန်မြတ်လှပြီလို့ အောက်မေ့နေတဲ့ဥစ္စာ ဒိဋ္ဌိတန်းလန်းကြီးနဲ့ပါလားဆိုတာ ပေါ်လာတယ်. . . (ပေါ်လာတယ်)။

ဘယ်လိုပေါ်လာသတုံး. . . (ဒိဋ္ဌိတန်းလန်းကြီးနဲ့ပါဘုရား)။

## မင်္ဂလာဏ်ကိုမရနိုင်ဘူး

ဒိဋ္ဌိတန်းလန်းနဲ့ ဆိုလို့ရှိရင်ဖြင့် ကောင်းတာလုပ် ကောင်းကျိုးတော့ပေးတာပဲ. . . ၊ မကောင်းတာလုပ် မကောင်းကျိုးပေးတာပဲလို့သိတဲ့ ကမ္မဿကတဉာဏ်က ဒိဋ္ဌိမခွါနိုင်တဲ့အတွက် ဒကာ ဒကာမတို့ မင်္ဂလာဏ်ဖိုလ်ဉာဏ်ကို မရနိုင်ဘူး. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါပါပြီ)။

သေသေချာချာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မအေမိဘဆွေမျိုးဉာတကာမတော်ဖူးသူ မည်သည်မရှိလို့ ဒါကြောင့်ပဲ ကယ်တင်နေတယ်ဆိုတာတော့ဖြင့် စူးစူးစိုက်စိုက် ယုံကြည်တော့ဆိုတဲ့ ဥစ္စာသေသေချာချာ သတိပေးပါတယ်. . . (မှန်ပါ့)။

ကိုင်း. . . ဒါဖြင့်ဒကာ ဒကာမတို့. . . ဒီအကြောင်းကို ပြောရသဖြင့် ဒါရင်းရင်းနှီးနှီးဉာဏ်တက်အောင် ပြောနေတယ်ဆိုတာကိုလည်း မှတ်ရလိမ့်မယ်. . . (မှန်ပါ)။

## သစ္စာအနုလောမိကဉာဏ်

သာသနာတွင်း ပုထုဇဉ်ဖြစ်ရတယ်ဆိုတာ ကောင်းတာလုပ်ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ဆိုတာ သူ့မှာ ဒီကမ္မဿကတဉာဏ်လည်းရှိတယ်. . . (မှန်ပါ)၊ နောက်ကျတော့ သူသစ္စာနဲ့လျော်တဲ့ဉာဏ်ကလေး

သူတို့လိုက်ပြန်တယ် . . . (မှန်ပါ့)၊ ဆရာကောင်း သမားကောင်းဆီကချည်း ယူပြီးသကာလ ကြော်. . . ဒီခန္ဓာကြီးဟာ ခဏခဏပျက်နေတဲ့ အနိစ္စတရားကြီးပါးလားလို့ ဒီဉာဏ်ကလေးကတိုးတယ်. . . (မှန်ပါ့)၊ ဒီဉာဏ်ကလေးက တိုးတာက သူက ခုနကဉာဏ်ဒိဋ္ဌိမပြုတ်တဲ့ဉာဏ်ကို သစ္စာအနုလောမိက ဉာဏ်ကဖြုတ်ချလိုက်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

## သစ္စာသိရင် အဆင့်ဆင့်တက်သွားမယ်

ဒိဋ္ဌိမပြုတ်တဲ့ဉာဏ်ကို. . . (သစ္စာအနုလောမိက ဉာဏ်ကဖြုတ်လိုက်ပါတယ်)၊ ဖြုတ်ချလိုက်တော့ သူက ဘုန်းကြီးရှင်ပြမယ် အပါယ်သွားစေတတ်တဲ့ ငရဲမျိုးစေ့ဝမ်းထဲမရှိဘူး. . . (မှန်ပါ့)၊ သူက ဒီကသစ္စာအနုလောမိကဉာဏ်နဲ့ သစ္စာကိုသိလို့ရှိရင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကျအောင် သွားမယ်. . . (မှန်ပါ)၊ အကယ်၍ ဒီဘဝမှာ ဒီဖြစ်ပျက်မြင်ရုံနဲ့ပဲ သူသေသွားတယ်လို့ဆိုလို့ရှိရင်လည်း သုဂတိခုနစ်ဘဝမှာ လမ်းဆုံးပါတယ်. . . (မှန်ပါ့)၊ အင်မတန် အားရှိစရာ ကောင်းတယ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေကို ပြောရတယ်၊ မပြောရင်ဘုန်းကြီးတို့ ဒကာ-ဒကာမတွေဟာ လမ်းပြ အင်မတန်လိုပါတယ်ဆိုတာ သေချာပါပြီ. . . (သေချာပါပြီ)။

## လမ်းပြဆရာကောင်းအရေးကြီးတယ်

လမ်းပြဆိုတာ လမ်းမှာအမျိုးမျိုးအဖုံဖုံလက်ညှိုးထိုး လမ်းပြတွေလည်းရှိတယ်၊ ဆိုင်းဘုတ်တွေကပ်ပြီး သင်္ကာလ တချို့နေရာ လေးလမ်းပြရှိတယ်၊ သုံးလမ်းပြရှိတယ်ဆိုတဲ့ မြို့ကြီး တွေကျတော့ ပျဉ်ပြားတွေစာရေးပြီး ကပ်-ကပ်ထားတာတွေ မရှိဘူးလား. . . (ရှိပါတယ်)၊ အဲဒီအပြမကောင်းရင်ယာဉ်တွေကို မောင်းမိ မောင်းရာမောင်းနေတာ. . . (မှန်ပါ)၊ မောင်းမိမောင်း ရာမောင်းမယ်ဆိုလို့ရှိရင် ကိုယ်လိုတဲ့ဆီတော့မရောက် ပေဘူး. . . (မရောက်ပါဘူး)၊ ဒါဖြင့် ဒီလမ်းပြဟာ အင်မတန် အရေးကြီးတယ်ဆိုတာ ပေါ်လာပလား. . . (ပေါ်လာပါပြီ)။

အဲဒါကြောင့် အခုလမ်းပြဆရာကောင်းက ဒကာ-ဒကာ မတို့မှာ ကမ္မဿကတဉာဏ်လည်းရှိတယ်၊ သစ္စာအနုလောမိက ဉာဏ်ဆိုတဲ့ ဖြစ်ပျက်သိတဲ့ အလုပ်တရား. . .၊ခန္ဓာထဲမှာဖြစ်ပျက် ဆိုတာ ခဲယဉ်းစွာရှာဖွေနေဖို့မဟုတ်ဘူး၊ ကိုယ့်လက်ညှိုးကလေးနဲ့ ကိုယ့်ခန္ဓာကိုခြစ်ကြည့်၊ ဩော်. . . နာတဲ့စိတ်ကလေးပေါ်လာ တယ်၊ ပေါ်လာတဲ့စိတ်ကလေး ပျောက်သွားတယ်ဆိုတာ လူတိုင်းသိတယ်. . . (မှန်ပါ)၊ ဒါဝေဒနာခန္ဓာ၏ ဖြစ်ပျက်ကိုသိ နေတာ. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## နာတဲ့စိတ်ကလေး

နာတဲ့စိတ်ကလေး ပေါ်လာတယ်၊ နာတဲ့စိတ်ကလေး ပျောက်သွားတယ် သဘောကျပလား. . . (ကျပါပြီ)။

နာတဲ့စိတ်ကလေးပေါ်လာပြီး ဘာဖြစ်သွားသတုံး. . . (ပျောက်သွားပါတယ်)၊ နာနေတာကလေးက ဒုက္ခဝေဒနာဖြစ်ပျက်၊ ပျောက်လာတာက သုခဝေဒနာပေါ်လာတာ. . . (မှန်ပါ့)၊ ဒီလိုကလေးကနေပြီး စပြီးသိလို့ရှိရင် ဒါသစ္စာအနုလောမိကဉာဏ်. . . (မှန်ပါ့)၊ သူဟာ ဒီဘဝရင်လည်း မဂ်ရသွားမယ်၊ မရလို့ရှိရင်လည်း သုဂတိသွားပြီး ခုနစ်ဘဝနဲ့ ကိစ္စပြီးနိုင်တယ်. . . (မှန်ပါ)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေမှာ ကမ္မဿကတဉာဏ်လည်း ရှိပြီးသား၊ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်ကွ၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်ကွဆိုတာ နဂိုက မိဘရိုးရာက ရှိလာခဲ့ကြတယ်. . . (မှန်ပါ)။

## ဘုန်းကြီးကဉာဏ်တိုးပေးရမယ်

ဝမ်းသာပြီးသား ဘုန်းကြီးက၊ ဪ. . . ဒီဉာဏ်ရှိနေပြီ၊ ငါဘာကယ်တင်ရမှာတုံးဆိုတော့ သစ္စာနဲ့လျော်တဲ့ ဉာဏ်ကလေးတစ်ခု ဘုန်းကြီးကတိုးပေးရမယ်. . . (မှန်ပါ့)၊ တိုးပေးလိုက်တဲ့အခါကျတော့ ဒကာ-ဒကာမတွေလည်း ခန္ဓာကိုယ်ကြည့်၊ ကြည့်

လိုက်တဲ့အခါကျတော့ ဥပမာ လေကလေးထုတ်တဲ့စိတ်ဟာ ထုတ် ပြီးရင်ရှိသေးရဲ့လား. . . (မရှိပါဘူး)၊ မရှိလို့ ရှိုက်တဲ့ စိတ်ပေါ် လာတာပေါ့. . . (မှန်ပါ့)၊ ဪ. . . ဒါဖြင့် လေထုတ် တဲ့စိတ်ပျက်ပေါ့. . . (မှန်ပါ့)၊ တစ်ခါ လေပြန်ထုတ်ပြန်တော့ ရှိုက်တဲ့ စိတ်ကရှိသေးရဲ့လား. . . (မရှိပါဘူး)၊ မရှိတာသည် ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒါဖြစ်ပျက် ဒုက္ခသစ္စာပဲ. . . (မှန်ပါ)။

## ဉာဏ်မြင်ကအဖိုးတန်တယ်

ဒီလိုဉာဏ်နဲ့ မှန်းပြီး ကြည့်လိုက်တဲ့အခါကျတော့ ဒကာ ဒကာမတို့ ဉာဏ်မြင်ဆိုတာသည် မျက်စိအမြင်ထက် အဖိုးတန် တယ်. . . (မှန်ပါ)။

အရှင်ဘုရားကပြောတော့ အလွယ်ကလေး တပည့်တော် တို့က မမြင်ဘူးဘုရား၊ ထွက်တဲ့စိတ်ကလေးဟာလည်း လေအပြင်ဘက် မရောက်ခင်ဖြစ်ပြီး ပျက်ပါတယ်. . . (မှန်ပါ့)၊ လေရှိုက်တဲ့စိတ်ကလေးဟာလည်း လေတောင်အတွင်းမရောက် သေးဘူး သူကဖြစ်ပြီးပျက်နှင့်ပါပြီဆိုတော့ အရှင်ဘုရား ပြောတော့အလွယ်ကလေးရယ်၊ တပည့်တော်တို့ကြည့်တော့ မမြင်ဘူးဆိုတော့ မျက်လုံးနဲ့ကြည့်လို့ ပြောတာ. . . (မှန်ပါ့)၊ ဉာဏ်နဲ့ကြည့်တော့ ဟုတ်သားပဲလိုက်မှာပဲ. . . (မှန်ပါ)။

အဲဒီတော့ ဒကာ-ဒကာမတို့ ဉာဏ်မြင်နဲ့ မျက်မြင်နဲ့ဟာ

မျက်မြင်နိဗ္ဗာန်မသွား. . . (မှန်ပါ့)၊ ဉာဏ်မြင်မှ. . . (နိဗ္ဗာန်သွားပါတယ်)၊ ဒါကို သေသေချာချာမှတ်ပါ. . . (မှန်ပါ)။

နိဗ္ဗာန်သွားတာက မဂ္ဂင်တရား၊ မဂ္ဂင်ဆိုတာက သမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုတာ စာလိုသုံးလို့ စင်စစ်တော့ ဉာဏ်ပဲ. . . (မှန်ပါ့)၊ ဒီတော့ ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ အားငယ်စရာရှိရဲ့လား . . . (မရှိပါဘူး)။

## ဖရဲသီးအခွံကအစိမ်း

အဲဒါ ဒီဖြစ်ပျက်မြင်တဲ့ ဉာဏ်ဟာ နောက်နွေအခါကျလာတော့ မောင်နိုင်ရေ တို့မိုးကုတ်ဈေးတွေမှာဖြစ်စေ အနောက်ပိုင်းဈေးတွေမှာဖြစ်စေ ဖရဲသီးတွေ မတွေ့ကြဘူးလား. . . (တွေ့ပါတယ်)၊ ဒီအတိုင်းကြည့်လို့ရှိရင် ဖရဲသီးဟာအစိမ်းပဲ. . . (မှန်ပါ့)၊ ဉာဏ်နဲ့ကြည့်လို့ရှိရင် အတွင်းမှာ ဒီဖရဲသီးဟာ တော်တော်နီမယ့် ဖရဲသီးပဲဆိုတာ သိတယ်. . . (မှန်ပါ့)၊ အဲဒါ မျက်မြင်ကတော့ အခွံစိမ်းကြီးပဲ. . . (မှန်ပါ့)၊ ဉာဏ်မြင်ကတော့ အတွင်းမှာ ခုတ်ဖျက်ကြည့်လိုက်တဲ့အခါကျတော့ အသားတွေက နီနေလိမ့်မယ်။ ဖရဲထုံးစံအတိုင်း အစေ့တွေလည်း မည်းနေလိမ့်မယ်ဆိုတာ ဉာဏ်မြင်က ထိုးထွင်းသိတယ်. . . (မှန်ပါ့)၊ မျက်မြင်က အပေါ်ကစိမ်းနေတယ်၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် မျက်မြင်နဲ့ ဉာဏ်မြင်သည် ဘယ်သူကထိုးထွင်း

သိသလဲ. . . (ဉာဏ်မြင်က ထိုးထွင်းသိပါတယ်ဘုရား)၊ အဲဒီလို အတွင်းမှာ အစေ့မည်း ရှိတယ်လို့သိရင် ဘုန်းကြီးတို့က ဒါ သစ္စာအနုလောမိကဉာဏ်ဖြစ်ပါပြီလို့ ဒကာ ဒကာမတွေကို သေသေချာ ချာမှာပါတယ်. . . (မှန်ပါ)။

## ဒုတိယဘဝမှာ သောတာပန်တည်နိုင်တယ်

ဒီလိုမှာလို့ ဒီအတိုင်းသာ ဩော်. . . ပျက်သွားတယ် . . . ဩော်. . . ပျက်သွားပြီလို့ သိသိနေလို့ရှိရင်ဖြင့် ဒါသစ္စာ အနုလောမိကဉာဏ်ရသောကြောင့် ဒီဘဝ၌သော်လည်းကောင်း မဂ်ဆိုက်နိုင်ပါတယ်၊ အပါယ်လေးပါး တံခါးပိတ်ပါလိမ့်မယ်၊ ဒီဘဝမပိတ်လို့ ဒီဉာဏ်နဲ့ သေသွားလို့ရှိရင် မပူပါနဲ့ဆိုတာ ဘုန်းကြီးက ရဲဝံ့စွာပဲ အားပေးပါတယ်. . . (မှန်ပါ့)၊ ဒုတိယဘဝ မှာ သောတာပန်တည်နိုင်တယ်၊ သဘောကျပလား. . . (ကျပါပြီ)၊ ဒုတိယဘဝဆိုတာ ဒီဘဝသေပြီး နတ်ပြည်ရောက်တော့မှာကိုး၊ နတ်၏ ရင်ခွင်ထဲရောက်ခါရှိသေးတယ် ဒီဉာဏ်သွားပေါ် တယ်. . . (မှန်ပါ့)၊ ဒီ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကပေါ်လာတယ်။ နတ်ပြည်ရောက်တာပင် မသိသေးဘူးသောတာပန်တည်နိုင်တယ် လို့ အင်္ဂုတ္တိုပါဠိတော်မှာ ကိုယ်တော်တိုင်ဟောထားတယ်. . . (မှန်ပါ့)၊ သစ္စာအနုလောမိကဉာဏ် ဘယ်လောက် ကျေးဇူးများ တယ်ဆိုတာ ကိုစောမောင်ပေါ်ရောပေါ့. . . (မှန်ပါ့)၊တဲ. . . ဦးပြန့်တို့ ဦးမူတို့ အားငယ်စရာများရှိသေးသလား. . . (မရှိပါဘူး)။

## ဖြစ်ပျက်မြင်ရင် မပူပါနဲ့တော့

တပည့်တော်တို့ဘုရား အရှင်ဘုရားဆီမှာနည်းယူပြီးလုပ်နေတာ ဖြစ်ပျက်ပဲမြင်သေးတယ်၊ အို. . . ဖြစ်ပျက်မြင်ရင်မပူနဲ့တော့။ ကိုစောမောင်ဖြစ်တာနဲ့ ပျက်တာကလေးမြင်ရင် မပူနဲ့တော့. . . (မှန်ပါ့)၊ ဟာ. . . အဖြစ်မမြင်ဘူးဘုရား အပျက်ချည်းမြင်တယ်၊ သာပြီးမပူနဲ့တော့၊ အားရှိတဲ့ ဝိပဿနာမြင်လာပြီ. . . (မှန်ပါ့)၊ ဘာမှမပူပါနဲ့ဆိုတာ ဘုန်းကြီးက တာဝန်ခံပါတယ်. . . (မှန်ပါ)။

ဒါကလေးမှ မဖြည့်မစွက်ကြဘူးဆိုရင်ဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေ သာသနာပပုထုဇဉ်ကျောန်ဖြစ်ပါတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

## ပြင်ချိန်ကျန်ပါသေးတယ်

ဒါဖြင့် ပြင်ချိန်ဆင်ချိန် ကလေးလည်း ကျန်ပါသေးတယ်. . . (မှန်ပါ့)၊ ကျန်သေးတယ်မဟုတ်လား. . . (ကျန်ပါတယ်ဘုရား)၊ ကိုယ့်အသက်တမ်းကလေးကြည့်လိုက်တော့လေ. . . (မှန်ပါ)၊ နက်ဖြန်သန်ဘက်တော့ဖြင့် ဖြုန်းခနဲမသေသေးရင် ချက်ချင်းပြင်လိုက်ပါ. . . (မှန်ပါ)။

ဒကာ ဒကာမတွေ ဘယ်လိုစိတ်ကူးကြမယ်. . . (ချက်ချင်းပြင်ရပါမယ်)။

မနက်ဖြန်သန်ဘက်မသေသေးရင် ချက်ချင်းပြင်ပါဆိုတာကလေးဟာ သာသနာ့တွင်းချက်ချင်းဝင်လိုက်ပါ ပြောတာ. . . (မှန်ပါ)၊ သာသနာ့တွင်း မဝင်လိုက်လို့ရှိရင်ဖြင့် ကမ္ဘာသကတ ဉာဏ်လောက်နဲ့ဆိုတော့ သုဂတိတော့ရောက်မှာပဲ၊ ဒိဋ္ဌိက ပါသွားလို့ ထိုးကျပါလိမ့်မယ်လို့ သတိပေးလိုက်တယ်. . . (မှန်ပါ)။

ဥပမာကို ရှင်းအောင်ပြကြပါစို့ဆိုတော့ ဒကာ ဒကာမတွေ ခွေးသေနွားသေတွေ လိုက်စားနေတဲ့ လင်းတဆိုတာ မြင်ဖူးကြပါလိမ့်မယ်၊ ငှက်ထဲမှာ တော်တော်အကောင်ကြီးတဲ့ အစားထဲကဆိုတာရော သိကြပါပြီ. . . (မှန်ပါ)။

## အဆိပ်လူးတဲ့မြား

အဲဒါ အဆိပ်လူးတဲ့မြားကလေးနဲ့ သွေးစို့ရုံကလေး မှန်အောင်ပစ်ပါ။ သဘောကျပလား. . . (ကျပါပြီ)၊ သွေးစို့ရုံကလေး မှန်အောင်ပစ်ပါတဲ့။ သွေးဆို့ရုံနဲ့ သူသည်ကားလို့ဆိုရင်ဖြင့် အကောင်ကကြီးတဲ့အတွက် ဒကာ ဒကာမတို့ကောင်းကင်တော့ ပျံသွားမှာပဲ. . . (မှန်ပါ)၊ သို့သော် အရင်လို ပျံနိုင်ပါ့မလား အဆိပ်မတက်ခင်ပဲလားလို့ဆိုတာ ဆုံးဖြတ်ချက်ချပါ. . . (အဆိပ်မတက်ခင်ပျံနိုင်မှာပါ)။

အဆိပ်တော့ ပါသွားသကိုးဗျ၊ ပျံတော့ ပျံတက်သွားတာ

ပဲ... (မှန်ပါ)၊ အဲဒီ အဆိပ်ပြန့်နှံ့လာတဲ့ တစ်နေ့ကျတော့ အောက်သို့ ဝုန်းခနဲကျမယ်...(မှန်ပါ)၊ ဘာကြောင့်တုံးလို့ မေးခွန်းထုတ်လို့ရှိရင် အဆိပ်ပါသွားလို့...(မှန်ပါ)၊ ရှင်းပလား ...(ရှင်းပါပြီ)။

## သစ္စာအနုလောမိကဉာဏ်မပါရင်

ဒီမှာလည်း သစ္စာအနုလောမိက သမ္မာဒိဋ္ဌိဆိုတဲ့ ဖြစ်ပျက်မြင်တဲ့ သမ္မာဒိဋ္ဌိပါမသွားဘဲနဲ့ သုဂတိရောက်ခဲ့သော် ဒီ ၁၁-နံပါတ် ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိအဆိပ်ပါသွားတယ်၊ ပြန်ကျရမယ်... (မှန်ပါ)၊ သဘောပါကြပလား... (ပါပါပြီ)၊ တော်တော်အရေးကြီးပါလားဆိုတာ မပေါ်သေးဘူးလား... (ပေါ်ပါပြီ)။

သာမညပြောတာလား ဒကာ-ဒကာမတို့၊ လေးလေးစားစားပြောနေတာလား သတိထားပါ... (လေးလေးစားစားပြောနေတာပါ)။

ဘုရားကိုယ်တော်မြတ်ကြီး ဟောထားတာ သံယုတ်ပါဠိတော်မှာရှိပါတယ်။

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။

သက္ကာယဒိဋ္ဌိပဟာနာယ၊ သတောဘိက္ခုပရိဗ္ဗဇေ...။

ဒိဋ္ဌိဆိုတာရှိတယ်။ အဲဒီသက္ကာယဒိဋ္ဌိကလေးကို ဖြစ်ပျက်မြင်တဲ့သစ္စာအနုလောမိကဉာဏ်နဲ့ ဒီအဆိပ်ကလေးတော့

ဖျောက်ပစ်ပါ။ တက်သွားရင် မကျအောင်လို့ ဘုရားက ဟောတာ. . . (မှန်ပါ)။

## သနားလွန်းလို့ပါ

ကိုစောမောင် ဟောထိုက်၊ မဟောထိုက် . . . (ဟော ထိုက်ပါတယ်ဘုရား)၊ မဟာကရုဏာတော်ရှင်ဆိုတော့ ရင်ဝယ် သားကဲ့သို့ သနားတယ်၊ ရာဟုလာနဲ့ ကျန်တဲ့ ပုဂ္ဂိုလ်တွေနဲ့ တစ်ထပ်တည်းထားနိုင်တယ်. . . (မှန်ပါ့)၊ အဲဒီလို ပုဂ္ဂိုလ်ကြီးက ဟောတာဖြစ်နေတော့ ကိုယ်တော်က လောကွတ်ချော်တယ်လို့ ဒကာ ဒကာမတွေ မဆိုပါနဲ့. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

လောကွတ်ချော်တာလား သနားလွန်းလို့လား. . . (သနားလွန်းလို့ပါဘုရား)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဒါဖြင့် သာသနာတွင်းဖြစ်အောင် ဘုန်းကြီးတို့ ဒကာ-ဒကာမတွေ ကမ္မဿကတဉာဏ်လည်းရှိပါစေ။ လှူကြတန်းကြ ပေးကြကမ်းကြ၊ အကုသိုလ်လုပ်ရင်လည်း အပြစ်ရှိတယ်ဆိုတာ သိပြီး ရှောင်ကြ၊ သို့သော် ဒါကလေးဖြည့်လိုက်ပါဦး၊ ဖြစ်ပျက် မြင်တဲ့ ဉာဏ်ကလေးဖြင့် ဖြည့်လိုက်ပါဦးဆိုတာကို၊ ယနေ့ အေးအေးဆေးဆေးပဲ ဒကာ-ဒကာမတွေ မှန်မှန်ကန်ကန်ကြီး မမှတ်မိ-မှတ်မိအောင်ဆိုပြီးသကာလ မောင်နိုင် ပြောဆိုနေ

တယ်. . . (မှန်ပါ)၊ ကဲ. . . ဦးပြန့်တို့ ကျေနပ်ပလား. . . (ကျေနပ်ပါပြီ)။

## ဝိပဿနာအလုပ်ကလေး လုပ်လိုက်ပါဦး

ဒါဖြင့် ခင်ဗျားတို့ ဘယ်နှဉာဏ်ရှိမှ တော်မတုံး. . . (နှစ်ဉာဏ်ရှိမှတော်မှာပါ)၊ တစ်ဉာဏ်က ဘာတုံး. . . (ကမ္မဿကတဉာဏ်ပါ)၊ သူကဒိဋ္ဌိက ပါနေတယ်. . . (မှန်ပါ)၊ နောက်တစ်ဉာဏ်ဖြည့်လိုက်ဦး. . . (သစ္စာအနုလောမိကဉာဏ်ပါ)၊ သစ္စာအနုလောမိကဉာဏ်ဆိုတာ ဝိပဿနာအလုပ်ကလေး လုပ်လိုက်ဦး. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)၊ အဲဒီတော့ဟို ကမ္မဿကတဉာဏ်ထဲမှာပါတဲ့ဒိဋ္ဌိကလည်း ပြုတ်ထွက်သွားပြီဆိုတော့ သူလှူတာ ဝိဝဋ္ဋအစစ်ဖြစ်သွားပြီ. . . (မှန်ပါ)။

သူပေးတာ ကမ်းတာတွေ ဘာဖြစ်သွားသတုံး. . . (ဝိဝဋ္ဋဖြစ်သွားပါပြီ)၊ ဝဋ်ထဲကို သုံးဆယ့်တစ်ဘုံထဲ အကျိုးမပေးတော့ဘူး၊ မအိုမသေအမြဲနေတဲ့ နိဗ္ဗာန်ကိုသာ အကျိုးပေးတော့မယ်ဆိုတာ ဒိဋ္ဌိပြုတ်ပြီး အကျိုးပေးတယ်လို့ဆိုတာ ဒကာ ဒကာမတွေ လေးလေးနက်နက် ဆုံးဖြတ်ချက် ချလိုက်. . . (မှန်ပါ)။

ကဲ. . . ဒါဖြင့် ပြန်သိမ်းပြန်ပြီး ဒကာ ဒကာမတို့ ဒီဘက်က ပုထုဇဉ်ဟာ ဘာတဲ့. . . (သာသနာပ ပုထုဇဉ်ပါ)၊ ဒီဘက်က ပုထုဇဉ်က. . . (သာသနာတွင်းပုထုဇဉ်ပါ)။

သာသနာပပုထုဇဉ်က ဘာရှိသတဲ့. . . (ကမ္မဿကတ ဉာဏ်ရှိပါတယ်)၊ ဒိဋ္ဌိပြုတ်ရဲ့လား. . . (မပြုတ်ပါဘူး)၊ ငါလုပ်ငါ ရတယ်၊ ငါအကုသိုလ်လုပ် ငါခံရမှာပေါ့၊ ဒါလောက်ပဲ သိတယ်. . . (မှန်ပါ)။

ဒါကြောင့် ဒိဋ္ဌိကမပြုတ်တော့ ငါဟူသော ဒိဋ္ဌိနဲ့ရှိတဲ့ အတွက် တက်သွားပြေးသော်လည်း တာဝတိံသာ၊ ယာမာကို တက်သွားလိမ့်မယ် ကုသိုလ်လုပ်လိုက်လို့၊ ဒိဋ္ဌိအဆိပ်ပါသွား တယ်၊ ဝုန်းဆိုပြန်ကျမယ်တဲ့ အရှိန်အစော်ကုန်လို့ရှိရင်. . . (မှန် ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

အရှိန်အစော်ကုန်ရင်. . . (ပြန်ကျမှာပါဘုရား)၊ ဒိဋ္ဌိ အဆိပ်သင့်ပြီး ပြန်ကျမယ်. . . (မှန်ပါ့)၊ လူ့ပြည်ကျမယ်၊ အပါယ် လေးပါးကျမယ်၊ မကျနိုင်ဘူးလား. . . (ကျပါ့မယ်)။

## ဒိဋ္ဌိကိုဖြုတ်ဖြစ်အောင်ဖြုတ်ပါ

ဒါကြောင့်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက. . . ရင်ဝလှံစူး ဦးခေါင်းမီးလောင်တာကို ဖြည်းဖြည်းမှ မင်းတို့နုတ်ချင် နုတ်ငြိမ်းချင်ငြိမ်းကြပါကွ၊ ဒီ ဒိဋ္ဌိကိုဖြင့် ဖြုတ်မိအောင် ဖြုတ်ပါလို့ သံယုတ်ပါဠိတော်ကြီးများမှာ ဟောတော်မူတယ်. . . (မှန်ပါ့)၊ ကိုစောမောင် ပြောထိုက် မပြောထိုက်. . . (ပြောထိုက်ပါတယ် ဘုရား)။

ဘယ်လောက်အရေးကြီးတယ်ဆိုတာဖြင့် ခင်ဗျားတို့က

မသိလို့မကြီးချင်ရှိရမယ်၊ ဘုရားမှာဖြင့် သိတော်မူလွန်းလို့ ကြီးလိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊ ဒီဋ္ဌိခွာဖို့ အလုပ်ကို. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)၊ ပေါ်ကြပြီနော်. . . (ပေါ်ပါ ပြီ)။

## သာသနာတွင်းပုထုဇဉ်ကနှစ်ဉာဏ်

ဒီဘက်က ပုထုဇဉ်က ဘာတဲ့. . . (သာသနာတွင်း ပုထုဇဉ် ပါ)၊ သူကဘယ်နှဉာဏ်ရှိသလဲ. . . (နှစ်ဉာဏ်ပါ)၊ တစ်ဉာဏ်က ဘာပါလိမ့်. . . (ကမ္မဿကတဉာဏ်ပါ)၊ ဒုတိယဉာဏ်က. . . (သစ္စာအနုလောမိကဉာဏ်ပါ)၊ သစ္စာအနုလောမိကဉာဏ် ဆိုတာ ဖြစ်ပျက်သိတဲ့ဉာဏ်. . . (မှန်ပါ)။

ခန္ဓာကိုယ်ကြီးမှာ သဗ္ဗေသင်္ခါရာ အနိစ္စလို့ဘုရားက ဟောထားတာလည်း၊ ခန္ဓာထဲရှိလို့ ဘုရားကဟောတာ. . . (မှန်ပါ့)၊ ခင်ဗျားတို့က ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဩော်. . . တရားတွေသယ်ယူလာတယ်လို့ မအောက်မေ့နဲ့၊ ဒီခန္ဓာကြီးကို ကြည့်ပြီးဟောတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘုရားတရားတွေ သယ်လာပြီးဟောတာလား၊ ဒီခန္ဓာကြီး အကြောင်းကို ရှင်းရှင်းလင်းလင်းပြောတာလားသာ အကဲခတ်. . . (ဒီခန္ဓာကြီးအကြောင်းကို ရှင်းရှင်းလင်းလင်းပြောတာပါဘုရား)။

အဲဒီ ရှင်းရှင်းလင်းလင်းပြောတတ်တဲ့ ကိုယ်တော်ကြီးက

ဉာဏ်မျက်လုံးမြင်တော်မူတဲ့ ကိုယ်တော်ကြီးက ကျုပ်တို့က အကန်းတွေမို့ သူကအနိစ္စလို့ဆိုတဲ့ ဥစ္စာကျုပ်တို့က သူပြောတဲ့ အတိုင်း လိုက်ကြည့်လို့ရှိရင် ကျုပ်တို့လည်း အမြင်ဖြစ်မှာပဲ. . . (မှန်ပါ)၊ အမြင်ဖြစ်သွားလို့ရှိရင်ဖြင့် ဘဝမှမပူပါနဲ့တော့ ဒိဋ္ဌိပြုတ်ပါပြီ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)၊ ကဲ. . . သဘောပေါက်ကြပလား. . . (ပေါက်ပါပြီ)။

## သာသနာတွင်းသားဖြစ်အောင်လုပ်ပါ

ဒါဖြင့် ဒကာ ဒကာမတို့ အေးအေးဆေးဆေးပေါ့ပေါ့ တန်တန်နဲ့ မနေလိုက်ပါနဲ့၊ သာသနာတွင်းသားဖြစ်အောင် လုပ်ပါလို့ဆိုတာ လေးစားစွာနဲ့တိုက်တွန်းပါတယ်. . . (မှန်ပါဘုရား)၊ တိုက်တွန်းသင့် မတိုက်တွန်းသင့်. . . (တိုက်တွန်းသင့်ပါတယ် ဘုရား)၊ ပေါ်ကြပြီနော်. . . (ပေါ်ပါပြီ)။

အင်မတန် ကံကောင်းလို့ခင်ဗျားတို့တွေ့ကြကြုံကြရ တယ်ဆိုတာရော မှတ်လိုက်တာပေါ့. . . (မှန်ပါ)၊ နို့မဟုတ်လို့ ရှိရင်ခင်ဗျားတို့ ကံ ကံ၏အကျိုးယုံကြည်ပါကုန်သည်ဖြစ်၍ ဆိုပြီး ဒီပုထုဇဉ်ပဲပြန်ချတာပဲ. . . (မှန်ပါ)၊ ကံ ကံ၏အကျိုးကို ယုံကြည်ကုန်လျက် ကမ္မဿကတဉာဏ်အမှူးထား၍ ဒါချည့်ပဲ အများအားဖြင့် ကြားရတာပဲ. . . (မှန်ပါ)၊ ဒါချည်းပဲ ကြားရတယ် ဆိုတော့ ဒီဘက်က သစ္စာအနုလောမိကဉာဏ်ပါသေးရဲ့ လား. . . (မပါပါဘူး)၊ သစ္စာအနုလောမိကဉာဏ်မပါရင် အဆိပ်

ပါသွားတဲ့ လင်းတပျံသလိုဖြစ်မယ်၊ ပြန်ကျလာမယ်. . . (မှန်ပါ့)၊ သနားစရာသိပ်မကောင်းဘူးလား. . . (ကောင်းပါတယ်)၊ ရှင်းကြပလား. . . (ရှင်းပါပြီ)။

## ဆားကလေးတော့ထည့်ပေးကြပါ

ဒါဖြင့် ဒီဟာကလေးတော့မပါရင် မဖြစ်ဘူးဆိုတဲ့ ဘယ်ဟင်းချက်ချက် ဆားမပါလို့ရှိရင်ဖြင့် ဘယ်လောက်ပင်ကောင်းတဲ့သားငါးကိုချက်စေကာမူ ပျက်တာပဲ. . . (မှန်ပါ့)၊ ဆားကလေးတော့ထည့်ပေးပါ. . . (မှန်ပါ့)၊ ဖြစ်ပျက်သိတဲ့ ဆားကလေးတော့ထည့်ပေးကြပါဆိုတာ ဒကာ ဒကာမတွေ တိုက်တွန်းရပြန်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ကောင်းပြီ. . . ဒါဖြင့် ဒီ ဖြစ်ပျက်သိလို့ရှိရင်ဖြင့် ဒကာဒကာမတို့ ဘာမှမပူနဲ့တော့ ခုနစ်ဘဝအတွင်းကိစ္စပြီးနိုင်ပါတယ်၊ ဒီဘဝ မဂ်စစ်ကိုမရရင်. . . (မှန်ပါ)။

## ဖြစ်ပျက်သိရင်မပူပါနဲ့တော့

မဂ်ငါးပါးသာရတယ်ဆိုပါတော့ ဖြစ်ပျက်မြင်တာ မဂ်ရှစ်ပါးပြည့်ရဲ့လား. . . (မပြည့်ပါဘူး)၊ အဲ. . . မပူပါနဲ့တော့၊ သေသွားတဲ့အခါ နတ်ပြည်သုဂတိကိုသွားပြီး အလွန်ဆုံး ခုနစ်ဘဝသာ ယောပြန်တော့ ဘာမှပူစရာမရှိပါဘူး. . . (မှန်ပါ)။

ဒါဖြင့် ဒကာကြီးလို့ပြင် ဒီအလုပ်ဟာ ငါဖြစ်ပျက်ကို မြင်ပြီ
ကွ မုန်းပြီကွဆိုလို့ရှိရင် ဘာပူစရာရှိတော့သတုံး. . . (မရှိပါဘူး)၊
သဘောကျပလား. . . (ကျပါပြီ)။

ကိုင်း. . . ဒါဖြင့်ဒကာ ဒကာမတို့ ဆရာဘုန်းကြီး
ဟောစက ချိန်ခွင်ပေးပါ့မယ်လို့ ပြောခဲ့တယ်. . . (မှန်ပါ့)၊ ဒကာ-
ဒကာမတွေ ယနေ့ချိန်ခွင်ပေးပါ့မယ်လို့ မပြောဘူးလား. . .
(ပြောပါတယ်) ကဲ. . . ချိန်မိကြပလား. . . (ချိန်မိပါပြီ)။

## ကိုယ့်ဟာကိုယ်မြင်ကြပါ

ချိန်မိတော့ ကိုယ့်ဟာကိုယ် ဝမ်းထဲမှာထားကြ ဩော်. . .
ငါ သာသနာတွင်းသားဖြစ်ပေ့ါဟော့. . . ငါဖြင့်သာသနာပရှိသေး
သဟော့ဆိုတာ ကိုယ့်ဟာကိုယ်ဝမ်းထဲထားပြီးသကာလ ကိုယ့်
ဟာကိုယ်မြင်ကြ. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

သိထားပြီမဟုတ်လား၊ အခုနှစ်ချက်ကို. . . (သိထားပါပြီ)၊
သိထားတော့ ကိုယ့်အတွက်က ဘယ်လိုစဉ်းစားဖို့သင့်သလဲ
(ကိုယ့်ကိုယ်ကိုပြင်ရပါမယ်)၊ သာသနာတွင်း မပြည့်စုံသေးလို့
ရှိရင်ဖြစ်ပျက်မြင်တဲ့ အလုပ်ကိုလုပ်လိုက်ဦး. . . ဟုတ်လား. . .
(မှန်ပါ့)၊ လုပ်ရင်းမတ္တနဲ့ပဲ ဖြစ်ပျက်တွေဘာတွေ ဆုံးသွားမယ်ဆို
ရင်လည်း ချက်ချင်း သောတာပန်တည်သွားမှာပဲ. . . (မှန်ပါ)။

ရှုးခဲ့သရွေ့၊မိုက်ခဲ့သရွေ့၊ ဘာပဲလုပ်ခဲ့လုပ်ခဲ့ ပဋ္ဌာနန္တရိယ

ကံမရှိဘူးဆိုရင် ရနိုင်တယ်လို့ဆိုတာပဲ. . . ဒီဘဝတွင် မဂ်ရနိုင်တယ်ဆိုတာလည်း ဆုံးဖြတ်ချက်ချ. . . (မှန်ပါ)၊ ပူစရာရှိသေးရဲ့လား. . . (မရှိပါဘူး)။

အဲဒါကြောင့် အလောင်းတော်လည်း ယစ်ထုပ်ကြီးဖြစ်ခဲ့သေးတာပဲ၊ အမိုက်သမားကြီးလည်း ဖြစ်ခဲ့သေးတာပဲ. . . (မှန်ပါ့)၊ နောက်ကျတော့ ဒီဉာဏ်နဲ့ဆက်ယူတော့လည်း သူဟာလွတ်ကုန်တာပဲ ကျွတ်ကုန်တာပဲဆိုတာလည်း အထူးပြောဖို့မလိုပါဘူး. . . (မှန်ပါ့)၊ ဘယ်သူမှ အစကဖြင့် မလိမ္မာခဲ့ပါဘူး၊ ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ ပေါင်းမှ လိမ္မာကြတာချည်းပဲဆိုတာကို လည်းဆုံးဖြတ်ချက်ချပါ. . . (မှန်ပါ့)၊ မချထိုက်ဘူးလား. . . (ချထိုက်ပါတယ်)၊ ကိုစောမောင် ကျေနပ်ပလား. . . (ကျေနပ်ပါပြီ)။

## ဆရာကောင်းအရေးကြီးတယ်

ဒါကြောင့် မဂ်ရခြင်း၏အကြောင်းမှာ ဆရာသမားဆိုတဲ့ ကလျာဏမိတ္တ သိပ်အရေးကြီးပါတယ်ဆိုတာ ဘုရားက ဟောတော်မူတယ်. . . (မှန်ပါ)။

အသခေျ်နဲ့ ပါရမီဖြည့်ပြီးသား ရှင်သာရိပုတ္တရာတို့ ရှင်မောဂ္ဂလာန်တို့ဟာ ရှင်အဿဇိဆိုတဲ့ ရဟန္တာမထေရ်မြတ်နဲ့ မတွေ့ရင် ကျွတ်တမ်းမဝင်သေးပါဘူး၊ မျောသွားအုံးမယ်၊ ဒီဆရာ

နဲ့ပထမ မတွေ့ရင် သောတာပန်မတည်သေးပါဘူး၊ သဘောကျ ပလား. . . (ကျပါပြီ)၊ ကလျာဏမိတ္တဆရာကောင်း ဘယ် လောက်အရေးကြီးတယ်ဆိုတာ ပေါ်ကြပါလား. . . (ပေါ်ပါပြီ)။

## ရှင်အဿဇိ

တစ်သင်္ချိုနဲ့ ကမ္ဘာတစ်သိန်း ကုသိုလ်ဒါနတွေကို ကမ်း ကုန်လုပ်ခဲ့တယ်၊ ဝိပဿနာအလုပ်တွေ အစရှိသည်ကိုတော့ ဒါကနည်းပါမှ လုပ်တက်တာကိုး. . . (မှန်ပါ)၊အဲဒီမှာ ဆရာကမပြ လိုက်လို့ရှိရင် သူဟောတာ ကြည့်လိုက်ပါလား ရှင်အဿဇိက-

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော

အာဟ တေသဉ္စ ယောနိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော

အကြောင်းဖြစ်ရင် အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်တယ်ဆိုပြီး ပဋိစ္စသမုပ္ပာဒ်အကျဉ်းနဲ့ ဝိပဿနာဟော ချလိုက်တာပဲ၊ အရှင်ဘုရားတော်ပါပြီလို့ ပြောတော့တာပဲ. . . (မှန်ပါ)။

## ရှင်သာရိပုတ္တရာ

ရှင်သာရိပုတ္တရာကလည်း မီးခဲပြာဖုံးဖြစ်နေတာ ယေဓမ္မာ ဟေတုပ္ပဘဝါ ရွတ်လိုက်တာနဲ့ အရှင်ဘုရား တော်ပါတော့ ဘုရားလို့ တစ်ခါတည်း လျှောက်တယ်. . . (မှန်ပါ)၊ ဪ. . .

အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်၊ အကြောင်းချုပ်ရင် အကျိုးချုပ်မှာပဲဆိုတော့ ဟိုမှာ သောတာပန်တည်နေပြီ. . . (မှန် ပါ)။

လမ်းမှာတည်တာ၊ ဟိုကလည်း ဆွမ်းခံရင်း၊ ဒီကလည်း တိတ္ထိ ပရိဗိုဇ်ရဟန်းအဖြစ်နဲ့ သူကလည်း ဆွမ်းခံထွက်တာ၊ သူက အဲဒီတုန်းက တိတ္ထိပဲရှိသေးတယ်. . . (မှန်ပါ)၊ အဲဒီမှာ ဆွမ်းခံရင်းလမ်းမှာ သွားတွေ့ကြတယ်။

## သောတာပန်တည်သွားတယ်

ယေဓမ္မာ ဟေတုပ္ပဘဝါ ဂါထာဟောလိုက်တော့ သောတာ ပန်တည်သွားတယ်၊ ဒါလောက်ထက်တဲ့ဉာဏ်. . . (မှန်ပါဘုရား)။

အကြောင်းဖြစ်ရင်. . . (အကျိုးဖြစ်ပါတယ်ဘုရား)၊ အကြောင်းချုပ်ရင်. . . (အကျိုးချုပ်ပါတယ်ဘုရား)၊ ဩော်. . . ခန္ဓာကိုယ်ထဲမှာ အကြောင်းအကျိုးရှိတာပဲ ဖြစ်ချုပ်ရှိတာပဲလို့ သွားပြီးသိတယ်. . . (မှန်ပါ့)၊ သိတော့ဉာဏ်နဲ့သွင်းလိုက်တော့ ဖျပ်ဖျပ် ဖျပ်ဖျပ်နဲ့ ဒါတွေ အကုန်မြင်တယ်၊ လမ်းတင်သောတာပန် တည်တယ်. . . (မှန်ပါ)။

ဂါထာမှာ တစ်ပါဒလျှင်ရှစ်လုံးရှိတော့ လေးပါဒဆိုတော့ သုံးဆယ့်နှစ်လုံးရှိတယ်. . . (မှန်ပါ့)၊ ရှစ်လုံးတင် သောတာပန် တည်တယ်. . . (မှန်ပါ)။

ဒကာ ဒကာမတို့ ဆရာဘယ်လောက် အရေးကြီးတယ်

ဆိုတာပေါ်ပလား. . . (ပေါ်ပါပြီ)။

နဂိုက သိဥ္စည်းဆရာကြီးတပည့်ဗျ၊ နှစ်ပေါင်းများစွာ နေလာတာ. . . (မှန်ပါ့)၊ ဘာမှမဖြစ်ခဲ့ဘူး၊ ကလျာဏမိတ္တက မဟုတ်ဘူး. . . (မှန်ပါ)။

## အဆွေခင်ပွန်းကောင်းလို့တယ်

ကလျာဏကကောင်းတယ်၊ မိတ္တက အဆွေခင်ပွန်း. . . (မှန်ပါ့)၊အဲဒီ ဆရာကောင်း အဆွေခင်ပွန်းကောင်း ရှင်အသဇိ ဟောလိုက်လို့သောတာပန်တည်တာ. . . (မှန်ပါ့)၊ သဘောကျ ပလား. . . (ကျပါပြီ)၊ ကိုင်း. . . ဒကာ ဒကာမတို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား. . . (ပေါ်ပါပြီ)။

ဘာအရေးကြီးသတုံး. . . (ဆရာအရေးကြီးပါတယ် ဘုရား)၊ ဆရာသမားသိပ်အရေးကြီးတယ်ဆိုတာဖြင့် ရှင်းရှင်း လင်းလင်းပဲမှတ်ပါတော့ ဘုရားကပဲ ဖွင့်ဟောပြီ. . . (မှန်ပါ)။

ကဲ. . . ဒါဖြင့် ဘုန်းကြီးများကလည်း ဒကာ ဒကာမတို့ကို ဉာဏ်တက်အောင် ဉာဏ်တက်အောင်ဆိုပြီး နေ့တိုင်းပြော တယ်. . . (မှန်ပါ့)၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

## ဉာဏ်တက်အောင်ပြောတာ

ဉာဏ်တက်အောင်ဆိုတာက ကမ္မဿကတဉာဏ်က သစ္စာအနုလောမိကဉာဏ်တက်အောင် ဒါပြောတာ. . . (မှန်ပါ့)၊ ဒီကဆက်ပြီးသကာလ မဂ်ဉာဏ်တက်အောင်၊ ဒါကိုနေ့တိုင်း ကိုက်တွန်းနေတာပဲ. . . (မှန်ပါ့)၊ သဘောပါကြ ပလား. . . (ပါပါ ပြီ)။

ကဲ. . . ဒါဖြင့် ယနေ့ချိန်ခွင်ကလေး ပေးလိုက်တာ ကိုယ့် ဟာကိုယ်ပြန်တော့ ချိန်ကြည့်တာပေါ့. . . (မှန်ပါ့)၊ ချိန်ကြည့် တော့ ဒိဋ္ဌိမဖြုတ်တဲ့ အသွားဖြစ်နေသေးလို့ရှိရင်ဖြင့် ငါသည် ဩော် . . . သာသနာတွင်းမှာ လူဖြစ်ငြားသော်လည်း ဉာဏ်က သာသနာတွင်း မဟုတ်သေးပါကလား. . . (မှန်ပါဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (ဉာဏ်ကသာသနာ တွင်းမဟုတ်သေးပါဘုရား)၊ လူကတော့ သာသနာတွင်း၊ ဉာဏ် က သာသနာတွင်းမဟုတ်ဘဲ ဖြစ်နေတယ်. . . (မှန်ပါ)။

## ဉာဏ်ကသာသနာတွင်းမဟုတ်သေးဘူး

ကိုစောမောင် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (လူက သာသနာတွင်း ဉာဏ်ကသာသနာတွင်း မဟုတ်သေးပါဘူး ဘုရား)၊ နိဗ္ဗာန်ဘာနဲ့ သွားကြမယ်. . . (ဉာဏ်နဲ့သွားကြပါမယ်)။

အဲဒီဉာဏ်က သာသနာတွင်းမဖြစ်ဘူးတဲ့. . . ၊အဲဒီ

ဉာဏ်က ကမ္မဿကတဉာဏ်ကလေးနဲ့ သူ့အချိန်ကုန်နေတယ် . . . (မှန်ပါ့)၊ သာသနာပဉာဏ်ဖြစ်နေပြယ်ဆိုတော့ ကိုယ်ကျိုးနည်းပေါ့ဟ. . . (မှန်ပါ့)၊ ဆိုထိုက်-မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)၊ သို့သော်အချိန်ရှိတော့ ပြင်နိုင်သေးတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါကြောင့် အခုအားလုံး ဒကာ-ဒကာမတွေကို ဘုန်းကြီးသည် အမှန်အကန်ပြောတဲ့အတွက် ပြောနေသေးတဲ့အတွက် ဆေးမီသေးတယ်လို့မှတ်ပါ. . . (မှန်ပါ)။

## ဆေးမီပါသေးတယ်

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ. . . (ဆေးမီပါသေးတယ်)။

ဆေးမီသေးတယ်ဆိုတာ ခင်ဗျားတို့ မသေနှင့်သေးလို့ မီသေးတယ်ပြောတာ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဆေးမီတဲ့ပုဂ္ဂိုလ်သည်ကားလို့ဆိုရင် ဘာမှမပူပါနဲ့. . . (မှန်ပါ့)၊ ဆေးကိုမမီလိုက်လို့ လွန်သွားတာတွေတော့ ဘုရားလည်း မတတ်နိုင်လို့ အရှုံးကြီးရှုံးပါကွ. . . လို့ဆိုတာ တမြန်နေ့ကပဲ ဟောခဲ့သေးတယ်. . . (မှန်ပါ့)၊ အခု ဆေးမီတဲ့ပုဂ္ဂိုလ်က မရှုံးစေနဲ့ကွ ဆိုတာကိုဖြင့် မတိုက်တွန်းသင့်ဘူးလား. . . (တိုက်တွန်းသင့်ပါတယ်)။

တိုက်တွန်းသင့်တော့ ဩော်. . . ဆေးလည်းမီသေးတယ်

ဆိုလို့ရှိရင် ဒီအလုပ်ကလေးကိုဖြင့် နှလုံးသွင်းလိုက်ဦးမှ ဆိုလို့ရှိရင်လည်း ပြီးသွားတာပဲ. . . (မှန်ပါ)၊ သဘောပေါက်ပလား. . . (ပေါက်ပါပြီ)။

ကိုင်း. . . ဒါဖြင့် ဒီဉစ္စာညဏ်ချိန်ခွင် ရှေ့ပိုင်းတော်ပေးတယ်ဆိုတာရော ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)၊ ကဲ. . . ညဏ်ချိန်ခွင်ခန်းကို သိမ်းလိုက်ပါတော့တဲ့၊ အလုပ်ကို ပြောပါတော့မယ်. . . (မှန်ပါ)၊ သစ္စာအနုလောမိကညဏ်အလုပ်ကို မောင်နိုင် ပြောတော့မယ်. . . (မှန်ပါ)။

ပြောတော့မယ်ဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုပဲ မှတည်ကြပါဦးစို့. . . (မှန်ပါ)။

## ဝေသာလီပြည်မှာ သီတင်းသုံးတယ်

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေသာလီပြည်မှာ သီတင်းသုံးတယ်၊ ဝေသာလီပြည်မှာ သီတင်းသုံးပြီးသကာလ နေတော့ သူ့ဟာသူတော့သိတယ်၊ နောက်သုံးလရှိလို့ရှိရင် ငါဘယ်နည်းနဲ့မှ မနေရဘူးလို့ သိတော်မူတယ်. . . (မှန်ပါ)။

ခန္ဓာကြီးရထားတာက သူ့သတ္တိကဘာပါလိမ့်. . . (သေတတ်တဲ့ခန္ဓာကြီးပါဘုရား)၊ သေတတ်တဲ့. . . ခန္ဓာပဲဆိုတာ ငြင်းဖို့လိုသေးသလား. . . (မလိုပါဘူးဘုရား)၊ ဘာနဲ့အုပ်ထားထား၊ ဘာနဲ့ဖုံးထားထား၊ ဘာနဲ့ပြုပြင်ထားထား သူ့သဘောက

ဘာတုံး. . . (သေတတ်တဲ့ခန္ဓာပါဘုရား)၊ သေတတ်တဲ့ခန္ဓာမို့ သေမှာပဲ. . . (မှန်ပါ)။

## သုံးလရှိရင်ပရိနိဗ္ဗာန်ပြုလိမ့်မယ်

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အပိုင်းအခြားနဲ့ သိတယ်၊ သုံးလရှိရင်ငါပရိနိဗ္ဗာန်ပြုလိမ့်မယ်၊ သက်တော်ရှစ်ဆယ်ပြည့်ပေါ့ဗျာ. . . (မှန်ပါ)။

ဒါနဲ့ဝေသာလီပြည်မှာ သီတင်းသုံးနေတော့ ဝေသာလီပြည်ထဲက ဝေဠုဝရွာသွားပြီး သကာလ သံဃာတွေနဲ့ကြွသွားတယ်။ သံဃာတွေနဲ့ကြွသွားပြီး စဉ်းစားလိုက်တယ်၊ ဝေဒနာက ဖြင့် ပရိနိဗ္ဗာန်ပြုမယ့်ဝေဒနာ ဝမ်းလျှောတဲ့ဝေဒနာကိုစောမောင်ရ. . . (မှန်ပ့ါ)၊ ဝမ်းလျှောဆိုတာက ခင်ဗျားတို့သိတဲ့အတိုင်းပဲ သုံးခါလောက်လျှောရင်ပဲ မျက်စိတွေအောက်ချိုင့်ပြီး သေတတ်တဲ့ ဝေဒနာမျိုးပဲ. . . (မှန်ပါ)။

ဒီဝေဒနာတော့ဖြင့်လာပြီ၊ ငါတစ်ပါးတည်း နေချင်တယ်ဆိုတဲ့ စိတ်ကလေး ပေါ်လာတယ်. . . (မှန်ပ့ါ)၊ အာနန္ဒာ. . . ရဟန်းတွေခေါ် လိုက်ကွာ၊ မင်းတို့၏မိတ်ဆွေသင်္ဂဟ ဒကာဒကာမရှိတဲ့ဆီကိုသွားကြ၊ ဒီရွာကလေးဟာ ဆွမ်းကွမ်းလုံလောက်မယ် မဟုတ်ဘူး၊ ငါတော့ဖြင့် တစ်ပါးတည်း နေဦးမယ်။ မင်းတို့ဆိုင်ရာဆိုင်ရာကိုသွားပြီး ဝါဆိုကြဟု နှင်ထုတ်လိုက်တယ်. . . (မှန်ပါ)။

## နိဗ္ဗာန်အာရုံပြုတဲ့ဉာဏ်

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဝေဒနာက ပြင်းထန်လာတဲ့အခါကျတော့ ဒီဝေဒနာကို ဘာလုပ်ရမတုံးလို့ မောင်နိုင်စဉ်းစားလိုက်တယ်. . . (မှန်ပါ့)၊ အလွယ်ကလေးပဲတဲ့၊ ဒီဝေဒနာ၊ နိဗ္ဗာန်ကိုဉာဏ်နဲ့အာရုံပြုပြီး သကာလနေလို့ရှိရင်ဖြင့်နိဗ္ဗာန်အာရုံပြုတဲ့ ဉာဏ်က ကိုစောမောင်ဒီဝေဒနာတွေကို အကုန်ပယ်ထုတ်တယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ရောက်အောင်လုပ်စမ်းပါဆိုတာ အသေတားနိုင်လို့ ဒါလောက်ဟောတာ. . . (မှန်ပါ)။

ဒါနဲ့ပဲ ဝေဒနာတွေက ပြင်းထန်လာတယ်၊ ပြင်းထန်လာတော့ ကိုင်းဒီဝေဒနာတွေကို ဖြစ်ပျက်ရှုပြီးသကာလ ဖြစ်ပျက်အဆုံးဖြစ်တဲ့နိဗ္ဗာန်ကို အာရုံပြုပြီးနေမယ်ဆိုတော့ ဝေဒနာတွေမရှိတော့ဘူး. . . (မှန်ပါ့)၊ ကျန်းမာသလိုဖြစ်နေတယ်. . . (မှန်ပါ)၊ မောင်နိုင် သဘောကျပလား. . . (ကျပါပြီ)၊ ဒကာဒကာမတွေ အလုပ်တရားဟာ ဤမျှလောက် ကျေးဇူးများတယ်ဆိုတာပေါ်ကြပလား. . . (ပေါ်ပါပြီ)။

## ဝေဠုဝကျောင်းကလေး

ဒါနဲ့ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဠုဝကျောင်းကလေးမှာနည်းနည်းသက်သာပြီဆိုပြီး ကျောင်းနောက်ဖေးသွားပြီး ထိုင်နေလိုက်တယ်. . . (မှန်ပါ)။

ရှင်အာနန္ဒာကတော့သောတာပန်သာတည်သေး တယ်။ ညီကလည်းတော်ပြန်. . . ဆိုတော့ ဘုရားထံကပ်လာပြီး၊ အရှင်ဘုရား မြင်ရတာဘုရား ဝမ်းသာတယ်ဘုရား၊ နဂိုကတော့ မကျန်းမာဘူး၊ အခု ကျန်းမာလာတဲ့အခါကျတော့ ဝမ်းသာလာတယ်ဘုရားလို့ ရှင်အာနန္ဒာကလျှောက်တယ်. . . (မှန်ပါ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူလျှောက်တာအသာထားပြီး သကာလ၊ ငါသည် ဒီဝေဒနာကိုအခုနိဗ္ဗာန် အာရုံပြုတဲ့ဉာဏ်နဲ့ ခန္ဓာကိုယ်ကြီးကို ချုပ်စပ်ထားတာ တခြားမဟုတ်ဘူး၊ နောက်ဆုံးပိတ်ပြောစရာရှိတယ်၊ သံဃာတွေရော လူတွေရော မပြောမဆိုဘဲနဲ့ ပရိနိဗ္ဗာန်စံလို့ရှိရင် မသင့်တော်ပေဘူးတဲ့ . . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

## ခန္ဓာကိုယ်ကြီးဉာဏ်နဲ့ချုပ်ထားတယ်

အဲဒီတော့ မျက်စိသူငယ်အကုန်ဖြစ်ကုန်လိမ့်မယ်၊ လိုရင်းကို ငါမပြောရသေးလို့ရှိရင်ဖြင့် ပရိနိဗ္ဗာန်မစံသေးဘူးဆိုပြီး နိဗ္ဗာန်အာရုံပြုတဲ့ ဉာဏ်နဲ့ခန္ဓာကိုယ်ကြီးကို ဖရိုဖရဲဖြစ်သွားမှာကို အကုန်

အပ်နဲ့ချုပ်သလို ဉာဏ်နဲ့ချုပ်ထားတာပဲ. . . (မှန်ပါ့)၊သဘော ပေါက်ကြပလား. . . (ပေါက်ပါပြီ)။

## ဒုက္ခဆုံးတဲ့ ဆီမြင်အောင်လုပ်ထားကြ

ဒါကြောင့် ခင်ဗျားတို့ ဒုက္ခဆုံးတဲ့ဆီများ မြင်အောင်လုပ် ထားကြစမ်းပါဆိုတဲ့. . . ဥစ္စာ မဟောထိုက်ဘူးလား. . . (ဟော ထိုက်ပါတယ်)၊ ဒါဘုရားကသေသေချာချာဖွင့်ဟောနေတာ၊ ဒါ သစ္စသံယုတ်ပါဠိတော်မှာ လာပါတယ်။ ပါဠိတော်ဆိုတာကိုယ် တော်တိုင်ဟောတာ၊အဋ္ဌကထာတောင်မဟုတ်ပါဘူး. . . (မှန်ပါ)၊ အဋ္ဌကထာဆိုတာက သာဝကရေးတာ၊ ပါဠိတော်ဆိုတာက ကိုယ်တော်တိုင်ဟောတာ. . . (မှန်ပါ)။

ဒါနဲ့ပဲ ကျောင်းနောက်ဖေးမှာ မြတ်စွာဘုရားနေတဲ့ အချိန် မှာ ရှင်အာနန္ဒာကလည်း တပည့်တော်ဖြင့် ဘုရား. . . အရှင်ဘုရား ကျန်းမာလာတယ် ချမ်းသာလာတယ် အရင်ရုပ်တွေ ပျောက်ပြီးသကာလ ကျန်းမာချမ်းသာတဲ့ ရုပ်မြင်ရတော့ တပည့်တော် အင်မတန်ဝမ်းသာတယ်တဲ့။

## သတိပေးချင်လွန်းလို့စောင့်နေတာ

မြတ်စွာဘုရားခန္ဓာကိုယ်ကတော့ ဉာဏ်တော်နဲ့ ချုပ်စပ် ထားတာ ကိုစောမောင်၊ တပည့်သာဝကတွေကိုလိုရင်းဖြစ်တာ

တွေကို သတိပေးချင်လွန်းလို့ ခန္ဓာကိုယ်ကြီးချုပ်စပ်ပြီးစောင့်နေတယ်. . . (မှန်ပါ)၊ သဘောပေါက်ကြပလား. . . (ပေါက်ပါပြီ)။

အဲဒီကတည်းက ဒကာ-ဒကာမတွေက စဉ်းစားဖို့သိပ်ကောင်းတယ်၊ဩော်. . . တကယ့်မဟာကရုဏာတော်ရှင်ပါလား၊ သေမှာတောင်မှ ဖလသမာပတ်ဆိုတာနဲ့ ချုပ်စပ်ပြီးသကာလ ဝီရိယစိုက်ပြီး ချုပ်စပ်ပြီးထားလိုက်တော့ အခု ပရိနိဗ္ဗာန်မပြုဘူး၊ ဘယ့်နှယ်ကြောင့်တုံး၊ ဒီ တပည့် သာဝကတွေကို ဆရာ့လက်ဆုပ် မကျန်အောင် ပေးပြီးသားပဲ၊ ချွင်းချက်မရှိ တရားတော့ ဟောပြီးသားပဲ၊ ဟောပင်ဟောငြားသော်လည်း နောက်ထပ် ဒါမမေ့နဲ့ဆိုတဲ့ ဥစ္စာငါပေးချင်သေးတယ်. . . (မှန်ပါ့)၊ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဒကာ ဒကာမတို့ ပေါ်လာရောပေါ့. . . (မှန်ပါ့)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒီနေ့ညပြောနေတာက ဒကာ ဒကာမတို့ ခင်ဗျားတို့ ဂရုဏာတော်ရှင်လည်း ထောက်ဖို့ကောင်းပါတယ်. . . (မှန်ပါ့)၊ မကောင်းဘူးလား. . . (ကောင်းပါတယ်)၊ ဘာဆိုင်လို့တုံး မလုပ်လိုက်ပါနဲ့. . . (မှန်ပါ)။

ကဲ. . . ဒါနဲ့ပဲ ဒကာ ဒကာမတို့ ညီတော်အာနန္ဒာကလည်း ဘုရားကျန်းမာလာတယ်လို့ ဝမ်းသာပြီးသကာလ နေတာဟာ သူ့အထင်ကတော့ အရမ်းဝမ်းသာတာ၊ ကျန်းမာတယ်ထင်လို့ ဝမ်းသာတာ၊ သူကလည်း သမုဒယ မကုန်သေးဘဲကိုးဗျ. . .

(မှန်ပါ)၊ ဘုရားကို အင်မတန်ခင်တယ်၊ အင်မတန်ကြည်ညိုတယ်၊ ဒါကြောင့် ခလုတ်မထိ ဆူးမငြိအောင် သူ့အရေးကြီးနေတာ. . . (မှန်ပါ)။

## ဒါမေ့ရင် ကိုယ်ကျိုးနည်းလိမ့်မယ်

အဲဒါနဲ့ သူသည် ကားလို့ဆိုလို့ရှိရင်ဖြင့် ဝမ်းသာတဲ့ အကြောင်းတွေ လျှောက်ပြောတော့ ငါဟာ ကွာတဲ့ အခြား ကြောင့် မဟုတ်ပါဘူး၊ သတ္တဝါဝေနေယျတွေကို ငါသည် နောက်ဆုံးပိတ် အနေနဲ့ ဟောဒါဖြင့် မမေ့ရစ်နဲ့၊ ဒါမေ့ရစ်ရင် မင်းတို့ ကိုယ်ကျိုးနည်းလိမ့်မယ်ဆိုတာကလေးပြောချင်လို့ ငါဉာဏ်နဲ့ ချုပ်စပ်ပြီး သကာလ ခန္ဓာကိုယ်ကြီးတည်းထားတာတဲ့ သဘောကျပလား. . . (ကျပါပြီ)။

ဘာလုပ်ထားတာတဲ့လဲ. . . (ဉာဏ်နဲ့တည်းထားတာပါ)။

## လှည်းအိုကြီး ဖြစ်နေပြီ

ငါ. . . ဥပမာ ပြောမယ် အာနန္ဒာ. . . လှည်းအိုကြီး ဒေါက်တွေကလည်း ကျိုးကုန်ပြီကွတဲ့၊ အဲဒါ ကြိုးနဲ့ချုပ်ပြီး သကာလ မောင်းနေတာ၊ ဒေါက်တွေကတော့ ပျက်ကုန်ပြီ၊ သံ ပတ်ခွေတွေလည်း ပြုတ်လုပြုတ်ခင်ကွတဲ့၊ အဲဒါကလေးကို သံ ချောင်းကလေး သာမည်နဲ့ရိုက်ပြီးသကာလ ခပ်ဖြည်းဖြည်း

မောင်းနေတဲ့ လှည်းအိုကြီးဖြစ်နေတာ။ မင်းက ဝမ်းသာတာတော့ ဟုတ်ပါရဲ့တဲ့၊ ဖလသမာပတ်နဲ့ စပ်ထားတယ်ပြောတာ ရှင်းပလား. . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ စပ်ချင်လို့ စပ်ထားတာလား၊ လိုရင်းပြောချင်လို့ စပ်ထားတာလား. . . (လိုရင်းပြောချင်လို့ စပ်ထားတာပါ)။

## လိုရင်းပြောချင်လို့ စောင့်ဆိုင်းနေတယ်

လိုရင်းပြောချင်လို့ စပ်ထားတာဖြစ်လေတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဩော်. . . ဘုရားကလိုရင်းပြောတော့မှာပဲ၊ ဒီလိုရင်းဖြင့် တော်တော်အရေးကြီးလို့ ဒီခန္ဓာကြီးဆိုင်းပြီး ပြောမယ့်စကားမဟုတ်ဘူးလား. . . (မှန်ပါ)၊ အလွန်အရေးကြီးတဲ့စကားဖြစ်သောကြောင့် အသေကိုတောင်မှ တားနိုင်တဲ့နည်းနဲ့ တားပြီးသကာလ စောင့်ဆိုင်းပြီး ဒီအတိုင်း ပရိနိဗ္ဗာန်စံသွားရင် မတော်ဘူး၊ မျက်စိသူငယ်ဖြစ်ကုန်လိမ့်မယ်ဆိုပြီး စောင့်ဆိုင်းနေတယ်ဆိုတဲ့ အဓိပ္ပာယ်ကို အခု ကြားရ၊ သိရတော့ ဒကာ ဒကာမတို့ အရေးကြီးတဲ့အတွက်ကို ပြောလိမ့်မယ်ဆိုတာကိုလည်း အခုကတည်းက အမှတ်ထားဖို့ပဲ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

အရေးကြီးတဲ့အချက်ကို အရေးကြီးသလို သူပြောချင်

ဆိုချင်လွန်းလို့ မဟာကရုဏာတော်နဲ့ စောင့်ဆိုင်းနေတာ. . . (မှန်ပါ)၊ ခင်ဗျားတို့က ဗုဒ္ဓဂုဏော အနန္တောကို ရွတ်တော့ ရွတ်ကြပါရဲ့ နက်နက်နဲနဲထိအောင် မသိတော့ ကြည်ညိုမှုက နည်းနေတယ်. . . (မှန်ပါ)၊ သဘောကျပလား. . . (ကျပါပြီ)။

နက်နက်နဲနဲသိထားရင် ကြည်ညိုလုံးဟာ ဘယ့်နှယ်နေမလဲ. . . (သန်လာပါတယ်)၊ အင်မတန် သန့်စွမ်းလာမယ်ဆိုတာ ဒကာ ဒကာမတွေ ငြင်းဖို့လိုသေးသလား. . . (မလိုပါဘူးဘုရား)။

## ကျုပ်တို့၏ ကျေးဇူးတော်ရှင်

အဲဒါလောက်ဆို ကိုယ်တော်ကြီးပါတဲ့၊ ခင်ဗျားတို့ ကျုပ်တို့၏ ကျေးဇူးတော်ရှင်ဆိုတာ ပြောစရာမလိုတော့ပါဘူး. . . (မှန်ပါ)။

အခု ကြည့်စမ်း ဝေဒနာတွေက၊ ပရိနိဗ္ဗာန်စံလောက်တဲ့ ဝေဒနာဆိုတာလည်း ကိုယ်တော်တိုင်သိတယ်၊ တပည့်သာဝကတွေကို နောက်ဆုံးပိတ်အနေဖြင့် သတိမပေး မန္တိုးဆော်ရသေးလို့ရှိရင် ပရိနိဗ္ဗာန်မပြုသေးဘူးဆိုပြီး ဝီရိယစိုက်ပြီး ဖြစ်ပျက် အဆုံးနိဗ္ဗာန်မြင်တဲ့ ဉာဏ်နဲ့ ခန္ဓာကိုယ်ချုပ်စပ်ထားလိုက်တယ်. . . (မှန်ပါ)၊ကိုစောမောင် ဖရိုဖရဲဖြစ်သွားသေးရဲ့လား. . . (မသွားပါဘူး)။

ကျောင်းကလေးနောက်ဖေးမှာ ရှင်အာနန္ဒာသွားတော့ ရှင်အာနန္ဒာက ရမ်းပြီးဝမ်းသာနေလို့ ငါ. . . ဖာထေးတာပါကွ

လို့ ပြောတယ်. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

ဘယ့်နှယ်ကြောင့် သူ ဖာထေးထားပါလိမ့်။ ကိုယ်တော် မြတ်ကြီးက သူ ပရိနိဗ္ဗာန်မပြုချင်လို့ ဖာထေးတာလားဆိုတော့ မဟုတ်ဘူး၊ တပည့် သာဝကတွေ မျက်စိသူငယ်ဖြစ်ပြီး သကာလ လိုရင်းအချက်ကလေးတွေကို အရင်လည်း ဟော ပြီးသားပါပဲ၊ သို့သော် ထပ်ပြန်ပြီးသကာလ သတိပေးချင်တဲ့ စိတ်ကပေါ်လာပြန်တော့ ကိုစောမောင်ပြန်ပြီး ချုပ်စပ်ထားတယ် ဆိုတာကော သဘောကျပလား. . . (ကျပါပြီ)၊ ရှင်းပြီနော်. . . (ရှင်းပါပြီ)။

## သံဃာတွေ လူတွေ အစုစိုင်းတယ်

အဲဒီလိုနဲ့ပဲ ရှင်အာနန္ဒာကို အာနန္ဒာ. . . သံဃာတွေကို စုရုံးကွာ. . . လူတွေလည်း စုဟေ့၊ ဘုရားလည်း ပရိနိဗ္ဗာန်စံ တော်မူတော့မယ်၊ အမေမိဘာနဲ့ တူစွာ မင်းတို့နောက်ဆုံးပိတ် ကယ်တင်ချင်တဲ့ စိတ်ကလေးကိုလည်း သိရအောင် မင်းတို့ လည်း ကျွမ်းထိုးမှောက်ခုံမဖြစ်ရအောင် စုဟေ့. . . ငါအရေးကြီး တာပြောမယ်ဆိုပြီး ညီတော်အာနန္ဒာကို အစုခိုင်းတာပဲ ဒကာ ဒကာမတို့. . . (မှန်ပါ)။

## ဒီအလုပ်က နိဗ္ဗာန်ပို့မှာပဲ

သံဃာတွေလည်းစု လူတွေလည်း စုလာတဲ့အခါ ကျတော့မှ ဒကာ ဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သတိပဋ္ဌာန်လေးပါးဟောတယ်၊ သတိပဋ္ဌာန်လေးပါးရှိတယ် မဟုတ်လား ဒကာ ဒကာမတို့. . . (မှန်ပါ)၊ ကိုယ်ကို ရှုရင် ကာယာ နုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာရှုရင်. . . (ဝေဒနာနုပ ဿနာသတိပဋ္ဌာန်ပါ)၊ စိတ်ကိုရှုရင်. . . (စိတ္တာ နုပဿနာသတိ ပဋ္ဌာန်ပါ)၊ ဘယ်ဟာ လာလာဖြစ်ပျက်တစ်ခုတည်း ရှုလိုက် မယ်ဆိုရင်. . . (ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ)။

အဲဒီ သတိပဋ္ဌာန်လေးပါးကို တစ်ခါတည်း လူထုရော သံဃာထုကြီးရော လုပ်တတ်အောင်နည်းကို ပေးတော့တာ ပဲ. . . (မှန်ပါ)၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အဲဒီနည်းကို မင်းတို့ သေသေချာချာလုပ်ကြကိုင်ကြ၊ သတိမမေ့ဘဲနဲ့ မင်းတို့ လုပ်ကြမယ်ဆိုလို့ရှိရင် ငါဘုရားပရိနိဗ္ဗာန် စံတာလည်း နိဗ္ဗာန်သွားတာပဲ၊ မင်းတို့လည်း ဒီအလုပ်က နိဗ္ဗာန် ပို့မှာပဲ. . . (မှန်ပါ)၊ မင်းတို့လည်း ငါရောက်တဲ့ နိဗ္ဗာန်ရောက်မှာ ပဲ . . .၊ သဘောကျပြီလား. . . (ကျပါပြီ)။

## နိဗ္ဗာန်ဟာတစ်မျိုးတည်းရှိတယ်

နိဗ္ဗာန်ဟာ တစ်မျိုးတည်းရှိတယ်၊ နိဗ္ဗာန်ကျမှ တန်းခွဲနေတယ်လို့ ဒီလိုမရှိပါဘူး. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

နိဗ္ဗာန်ဆိုတာ အားလုံး ဘယ်သူရောက်ရောက် ချမ်းသာတာပဲ၊ သူရောက်လည်းချမ်းသာတာပဲ ငါရောက်လည်းချမ်းသာတာပဲ. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## သတိပဋ္ဌာန်ကြိုးစားရစ်ကြ

အဲဒီချမ်းသာခြင်းအတူတူ ဖြစ်ချင်ကြလို့ရှိရင်ဖြင့် သတိပဋ္ဌာန်လေးပါးထဲက တစ်ပါးပါးကြိုးစားရစ်ကြဆိုတာသေသေချာချာမှာတယ်. . . (မှန်ပါ)။

အဲဒါ ခင်ဗျားတို့ မကြိုးစားဘဲ နေကြလို့ရှိရင်ဖြင့် ဘုရားကရုဏာကို ခင်ဗျားတို့ မငဲ့ဘဲနေရာရောက်မယ်၊ မရောက်ပေဘူးလား. . . (ရောက်ပါတယ်)။

ပြီးတော့ ဘုရားက ငါရောက်တဲ့နိဗ္ဗာန် မင်းတို့ရောက်ပါလိမ့်မယ်လို့ ပြောတဲ့အထဲက ခင်ဗျားတို့က ခပ်ပေပေခပ်တေတေလုပ်နေလိုက်လို့ရှိရင်လည်း အပါယ်ကို ရောက်နေကြရဦးမယ်၊ သူကတော့ နိဗ္ဗာန်ရောက်နေပြီ. . . (မှန်ပါ)။

ကျုပ်တို့က ပေပေတေတေနေလိုက်လို့ရှိရင် ကဲ. . . ဖြည်းဖြည်းမှ လုပ်တော့မယ်ပဲဖြစ်စေ လုပ်ဖြစ်တော့ လုပ်တာပေါ့ လို့ ဖြစ်စေဒီလိုဆိုရင် ဒါဟာ အပါယ်မျက်စောင်းထိုးတဲ့ အသံဟာ သေချာသွားတယ်. . . (မှန်ပါ)၊ မသေချာဘူးလား. . . (သေချာပါတယ်)။

## ဒီအလုပ်ကိုသင်ချင်လွန်းလို့ငါစောင့်တာ

အဲဒါကြောင့် ဒါလောက် အရေးကြီးတာ ဒကာ ဒကာမတို့၊ မဟာဝဂ္ဂသံယုတ်ပါဠိတော် သတိပဋ္ဌာန သံယုတ်မှာ သေသေချာချာ ကိုယ်တော်မြတ်ကြီးက အာနန္ဒာ ငါစောင့်တာဟာ ဖာထေးစောင့်တာ၊ ဒီအလုပ်ကို သင်ချင်လွန်းလို့ မင်းတို့ကို ဖာထေးစောင့် နေတာလို့ မဟောဘူးလား. . . (ဟောပါတယ်)၊ လှည်းအိုကြီး ကျပ်စည်းထားသလို ဖာထေးစပ်ချုပ်ထားတာလို့ မဟောဘူးလား. . . (ဟောပါတယ်)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

## မဂ္ဂင်အလုပ်တရားကို အားကိုးပါ

အဲဒီတော့ ဘာကို ဟောတော်မူလိုက်သတုံးဆိုတော့-

အတ္တဒီပါဝိဟရထ အတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ အနညသရဏာ။

မင်းတို့ ဘယ်သူမှ အားမကိုးနဲ့၊ ဟောဒီ အလုပ်ကိုသာ

အားကိုးတော့တဲ့. . . (မှန်ပါ)၊ မိမိကိုယ်အားကိုးနေ၊ သဘောကျပြီလား. . . (ကျပါပြီ)၊ ဒီအလုပ်တရား မဂ္ဂင်ကို အားကိုးပါ၊ ဒါမှ သာလျှင် ခင်ဗျားတို့သည်ကားလို့ဆိုလို့ရှိရင် အပါယ်လေးရွာ ကိုယ့်ရွာကြီးဖြစ်နေတာ အိုးစားကွဲမယ်. . . (မှန်ပါ)။

အဲဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့မှာ အခုတော့ သံသယ ရှိနေကြတယ်၊ ဩော်. . . ငါမျှားသေရင် ဘယ်များသွားရမှာ တုံး. . ၊ မပြောတတ်ဘူးလို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက် မချ ပေဘူးလား. . . (ချပါတယ်)။

## ငါသေရင် သုဂတိနဲ့နိဗ္ဗာန်နှစ်ခုပဲ

ဘုန်းကြီး အခုပြောနေတဲ့ ဘုရားဟောတော်မူတဲ့ အလုပ် ကို လုပ်လိုက်လို့ရှိရင် ငါသေရင် ဘယ်မှမသွားဘူး ဒကာ ဒကာမတို့ နိဗ္ဗာန်နဲ့ သုဂတိ ဒီနှစ်ခုပဲရှိတယ်. . . (မှန်ပါ)။

အခုတော့ဖြင့် ဒကာ ဒကာမတွေက သံသယနဲ့ နေကြရ တယ်. . . (မှန်ပါ)၊ သံသယနဲ့နေကြရတော့ အောက်လားဟာ၊ အထက်လားဟာ. . . မပြောတတ်ဘူးလေ. . . ၊ ကံပစ်ချသလို ခံရမှာပဲ။ ဒီမှာ ခင်ဗျားတို့က လမ်းဆုံးသွားတယ်. . . (မှန်ပါ)၊ မဆုံးဘူးလား. . . (ဆုံးပါတယ်)။

ဘုန်းကြီးက ဒီလိုမဟောပါဘူး၊ သတိပဋ္ဌာန် အားထုတ်၊ ဉာဏ်စီမံရာလိုက်ပါဆိုတော့ပြီးသွားပြီ. . . (မှန်ပါ)၊ ဉာဏ်က

ဘယ်တော့မှ အပါယ်လေးပါးကို သူမစီမံဘူး. . . (မှန်ပါ)၊ နိဗ္ဗာန်နဲ့ သုဂတိပဲ စီမံပေးတယ်. . . (မှန်ပါ)။

## ဉာဏ်စီမံရာ အရောက်သွားပါ

အဲဒီတော့ ကံစီမံရာကြောက်ပြီး ဉာဏ်စီမံရာအရောက်သွားပါဆိုတဲ့ ဥစ္စာ သတိပဋ္ဌာန်ပဲ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

ကံစီမံတာကို ခင်ဗျားတို့ မလိုက်နာပါနဲ့၊ ကံဆိုတာက မနေ့ကပြောခဲ့ပြီ၊ ခင်ဗျားတို့ကို ဘောလုံးလုပ်မယ်၊ အထက်ကန်လိုက် အထက်ရောက်သွားပြန်ပြီ၊ တော်တော်ကြာ ခြေထောက်နဲ့ ဖိထားလိုက်. . . (အောက်ရောက်သွားပါတယ်)၊ ဒီလိုလုပ်နေတာ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

## ကံစီမံရာ ကြောက်ပါ

အဲဒီတော့ ဒါလောက်နဲ့ တင်းတိမ်နေလို့ တော်ပါ့မလား. . . (မတော်ပါဘူး)၊ အကုသိုလ်ကံက အောက်ဖိချလိုက် အပါယ်လေးပါးရောက်သွားပြန်ပြီ. . . (မှန်ပါ)၊ ကုသိုလ်ကံက မြှင့်တင်လိုက်ပြန် သုဂတိရောက်ပြန်ပြီ. . . (မှန်ပါ)၊ အမြဲကို ရှိသေးရဲ့လား. . . (မရှိပါဘူး)၊ အမြဲမရှိတာလောက် ကျုပ်တို့ မှာ ပင်ပန်းဆင်းရဲတာဟာ ဘယ်မှာလာတွေ့မလဲ. . . (မတွေ့ပါ

ဘူးဘုရား)၊ တွေ့နိုင်စရာ မြင်သေးရဲ့လား. . . (မမြင်ပါဘူး)။

အဲဒါ ဘာစီမံရာလိုက်နေလို့ ခင်ဗျားတို့ ဒါလောက်တောင် လူဘောလုံးဖြစ်ရတယ်ဆိုတာလည်း ရိပ်မိလောက်ပါပြီ. . . (ရိပ်မိပါပြီ)၊ ကံစီမံရာလိုက်နေလို့. . . (မှန်ပါ)၊ အခု သတိပဋ္ဌာန် ဆိုတာက ဉာဏ်စီမံတာ. . . (မှန်ပါ)၊ ဒကာကြီးလှိုင် ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီ)။

အပြောကောင်းလို့ ပြောနေတာ မဟုတ်ပါဘူး. . .၊ အမှန်ကို ပြောနေတယ်ဆိုတာကိုလည်း ဆုံးဖြတ်ချက်ချပြီး နားထောင်ပါ. . . (မှန်ပါဘုရား)၊ သဘောပါကြပြီလား. . . (ပါပါပြီ)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ အလုပ်ပဲပြကြပါစို့၊ ဉာဏ်အလုပ်ကိုပြလိုက်ရင် ခင်ဗျားတို့ ပိုမိုရှင်းပါလိမ့်မယ်. . . (မှန်ပါ)၊ မရှင်းပေဘူးလား. . . (ရှင်းပါတယ် ဘုရား)။

## သတိပဋ္ဌာန်တစ်ပါးပါး အားထုတ်ကြပါ

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဒကာ ဒကာမတို့ အစောင့်ကြီးစောင့်ပြီးသကာလ အပြောကြီးပြောတဲ့ စကားဟာ ဘာပါလိမ့်မတုံးဆိုတော့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါးအား ထုတ်ကွ၊ အဲဒါမင်းတို့ရဲ့ အားကိုးရာ အစစ်ပဲ. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီ)။

အဲ. . . ဒီကိုယ်ကြီးကိုလည်း အားမကိုးနဲ့၊ ဓမ္မဒီပါ ဓမ္မ

သရဏာ၊ ဘိက္ခုဝေ-ရဟန်းတို့၊ ဓမ္မဒီပါ-မင်းတို့ အားထုတ်တဲ့ ဉာဏ်ကိုသာလျှင် ကျွန်းကြီးသဖွယ် အားကိုးကြကုန်သည်၊ ဟောထ- ဖြစ်ရစ်ကြကုန်လော့။

## ဒီဉာဏ်အားကိုးနေရစ်ကြ

ငါပရိနိဗ္ဗာန်စံသွားသော်လည်း ဒီဉာဏ်အားကိုးနေရစ်ကြ လို့ရှိရင် ငါရောက်တဲ့နိဗ္ဗာန် မင်းတို့ရောက်မှာပဲလို့ ဆိုလိုရင်း. . . (မှန်ပါ)။

ဒါမလုပ်လို့ရှိရင်ဖြင့် ဘုရားက ပရိနိဗ္ဗာန်စံပြီး နိဗ္ဗာန်ရောက်၊ ခင်ဗျားတို့က အပါယ်ရောက်၊ ဒီလိုဖြစ်မှာစိုးလို့ ဒါကလေး ပြော ချင်လို့ ခန္ဓာကိုယ်ကြီး ချုပ်စပ်ဖာထေးပြီးသကာလ ထားတယ် ဆိုတာလည်း ကိုစောမောင် မရှင်းလား. . . (ရှင်းပါတယ်ဘုရား)၊ သဘောပါကြပြီလား. . . (ပါပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘာလုပ်သင့်သတုံး. . . (သတိ ပဋ္ဌာန်လေးပါး တစ်ပါးပါးလုပ်သင့်ပါတယ်ဘုရား)၊ ရှင်းကြ ပြီလား. . . (ရှင်းပါပြီ)။

## ရှေ့စိတ်ကို နောက်စိတ်နဲ့ရှုပါ

တစ်ပါးပါး လုပ်သင့်တယ်ဆိုတော့ ဥပမာ တစ်ခုသော တရားကလေးကို ဒကာ ဒကာမတွေက ကိုယ့်စိတ်ကလေး ကိုယ်

ရှုနေတယ်၊ စားချင်တဲ့ စိတ်ကလေးပေါ် တော့ ဒကာ ဒကာမတွေကို ဘုန်းကြီး သင်ထားတာက ဒကာ ဒကာမတွေ ရှေ့စိတ်ကို နောက်စိတ်က ရှုပါလို့ မပြောဘူးလား. . . (ပြောပါတယ်)၊ စားချင်တဲ့စိတ်ကလေး ရှိ/မရှိကို နောက်စိတ်ကသာ တွေးလိုက်. . . (မှန်ပါ)၊ ရှိပါ့မလား. . . (မရှိပါဘူး)။

နောက်စိတ်ဝင်ရင် ရှေ့စိတ်က မရှိရတော့ဘူး. . . (မှန်ပါ)။

အညံ့ဥပ္ပန္န တေစိတ္တံ၊ အညံစိတ္တံ နိရုဇ္ဈတိ။

အဝိစိမနုသမ္ဗန္ဓော၊ နဒီသောတောစဂစ္ဆတိ-လို့ဆိုသောကြောင့် ဒီစိတ်ချုပ်ပြီးမှ ဒီတွေးတဲ့စိတ်ကပေါ် လာတာ။ ဒီတွေးတဲ့စိတ်က အရင်စိတ်ရှိ/မရှိ တွေးတာ. . . (မှန်ပါ)၊ ရှိသေးရဲ့လား. . . (မရှိပါဘူး)။

မရှိတော့ မရှိတာက အနိစ္စ၊သိတာက မဂ္ဂမဖြစ်သေးဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

## နိဗ္ဗာန်ပို့တဲ့တရား အစစ်

ဒါသည် ဒကာ ဒကာမတို့ နိဗ္ဗာန်ပို့တဲ့ တရားအစစ်. . . (မှန်ပါ)။

ကိုစောမောင် ဒီဘက်ကဘာတုံး. . . (နိဗ္ဗာန်ပို့တဲ့ တရားအစစ်ပါ)၊ နိဗ္ဗာန်ပို့တဲ့ တရားအစစ်ဆိုတော့ နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ. . . (မှန်ပါ)၊ နိဗ္ဗာနံ-နိဗ္ဗာန်သို့၊ ဂစ္ဆတိ-သွားတတ်၏၊ ဣတိ တသ္မာ-ထို့ကြောင့်၊ မဂ္ဂေါ-မဂ် မည်၏ ဆိုတော့သူဟာ မဂ်ပဲ. . .

(မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

ဒါကြောင့် မင်းတို့ ငါမရှိသည့်နောက် ဒီဓမ္မကို အားကိုးရစ်ကြတဲ့. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါပြီ)။

ဒီဓမ္မအားကိုးရစ်ကြဆိုတာ အခု ဆရာသမားကပြတယ်၊ ကိုယ့်စိတ်ကိုယ်ရှုပါ ဒကာ ဒကာမတို့၊ ဆေးလိပ်သောက်ချင်တဲ့စိတ် ရေသောက်ချင်တဲ့စိတ်. . . ဟုတ်လား. . . (မှန်ပါ)၊ ဆေးလိပ်သောက်ချင်တဲ့စိတ်ကို နောက်ကနေတွေး. . . ၊ ဆေးလိပ်သောက်ချင်တဲ့စိတ်တော့ပေါ်ပြီ၊ အဲဒီစိတ် ရှိ/မရှိကို တွေးလုံးမထုတ်တတ်တော့ဘူးလား. . . (ထုတ်တတ်ပါတယ်)၊ ထုတ်တတ်လို့ရှိရင် ဒီစိတ်ဘယ့်နှယ်နေသတုံး. . . (မရှိပါဘူး)၊ မရှိတာဟာ အနိစ္စပဲ. . . (မှန်ပါ)၊ သိတာဟာ မဂ္ဂပဲ၊ ဒီမဂ္ဂဟာ ဓမ္မပဲ မဟုတ်လား. . . (မှန်ပါ)။

## နိဗ္ဗာန်မှတစ်ပါးဘယ်မှမသွား

ဒါ့ကြောင့် ဓမ္မဒီပါ. . . ဒီဓမ္မကို မင်းတို့ ကျွန်းကြီးသဖွယ်ကိုးစားရစ်ပါ ငါမရှိသည့် နောက်ကိုဆိုတာ ဘုရားက မဟောဘူးလား. . . (ဟောပါတယ်)၊ ဒီဓမ္မက နိဗ္ဗာန်မှတစ်ပါး ဘယ်မှမသွားဘူး၊ အောက်ပစ်လိုက် အထက်ပစ်လိုက် မဟုတ်ဘူး. . . (မှန်ပါ)။

ကံလို အောက်ပစ်၊ အထက်ပစ် ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူး)။

ဒါဖြင့် ကိုးစားရာအစစ် ဆရာဘုန်းကြီး အခုအနည်းငယ် ပြပါတယ် နာရီစေ့လို့နော်. . . (မှန်ပါ)၊ ဒါကျေနပ်ပြီလား. . . (ကျေနပ်ပါပြီ)။

## ကိုယ့်စိတ်ကိုယ် ရှုပါ

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်စိတ်ကိုယ်ရှုပါ. . . (မှန်ပါ)၊ ဘယ်စိတ်တုံးဘုရားဆိုတော့ အို. . . ခင်ဗျားတို့ သန္တာန် ပေါ်ချင်တဲ့စိတ်ပေါ်လိမ့်မယ်၊ အဲဒီစိတ် ရှိ/မရှိကို နောက်ကနေပြီးတော့သာ တွေးလုံးထုတ်ပါ. . . (မှန်ပါ)။

တွေးလုံးထုတ်လို့ရှိရင် သတ္တဝါသန္တာန်မှာ နှစ်စိတ်ပြိုင်ပြီး မပေါ်ကောင်းတော့ အရင်စိတ်မရှိဘူးဆိုတာကို တွေးလုံးက အမြဲတမ်းသိနေမှာပဲ. . . (မှန်ပါ)၊ သိနေတော့ စိတ်ဟာ ဝိညာဏက္ခန္ဓာဆိုတော့ ကိုယ့်ခန္ဓာပျက်နေတာ. . . (မှန်ပါဘုရား)၊ ပေါ်ကြပြီလား. . . (ပေါ်ပါပြီ)။

## မဂ္ဂင်ကို အားကိုးကြ

ဘာပျက်နေတာတုံး. . . (ကိုယ့်ခန္ဓာပျက်နေတာပါ)၊ ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတယ်. . . (မှန်ပါ)၊ ကိုယ့်အသေက အနိစ္စ၊ ကိုယ်သိတာက. . . (မဂ္ဂပါဘုရား)၊ အဲဒါကို ကိုယ်လုပ်ရမှာ၊ ဒီကိုယ်ကို အားကိုးကြ. . . (မှန်ပါ)၊ ဒီခန္ဓာကိုယ်ကြီးကတော့

သုသာန်ပစ်ရမှာ. . . (မှန်ပါ)၊ မဂ္ဂင်တည်းဟူသော ကိုယ်ကိုအား ကိုးကြလို့ဆိုတာ မဟောသင့်ဘူးလား. . . (ဟောသင့်ပါတယ်)၊ သဘောပါပြီလား. . . (ပါပါပြီ)။

ကဲ. . . နက်ဖြန်မှ ဆက်ကြပါစို့။

သာဓု . . . သာဓု . . . သာဓု